ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်ကျည်ဆောင်သည်၊ Established in 1957

အမြဲတည်ခြင်းသည် မရှိချေ

အရိုးစု ၃၀၀ တိုဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 28 January 2021 ၁၀၂၇၁

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

နေပြည်တော်ရှိ ကျန်းမာရေးဝန်ထမ်းများ ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) စတင်ထိုးနှံပေးနေမှုအား ကြည့်ရှုအားပေး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ထိုးနှံပေးမှုကို ကြည့်ရှုစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၇

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် သားဖွားသင်တန်းကျောင်း(နေပြည်တော်) ၌ ကျန်းမာရေးဝန်ထမ်းများအား အိန္ဒိယနိုင်ငံမှ ထောက်ပံ့သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) စတင်ထိုးနှံပေးနေမှုကို သွားရောက်ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။

ရောက်ရှိ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နံနက် ၁၁ နာရီတွင် သားဖွားသင်တန်းကျောင်း(နေပြည်တော်)သို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းသူနှင့် ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းစဉ်များ၊ ကာကွယ်ဆေးထိုးရန် မှတ်တမ်းတင်ခြင်းနှင့် ပြန်လည်သတင်းပို့ခြင်း

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ကြေးမုံ ယနေ့ ဖတ်စရာ

ညီညွတ်မှုဖြင့် ပြည်ထောင်စုတည်

ဆောင်းပါး စာမျက်နှာ » ၆

နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြု

စာမျက်နှာ » ၇

ကိုဗစ်ကာကွယ်ဆေး ထိုးခြင်းအားဖြင့် တိုင်းပြည်စီးပွားရေးရော ပညာရေးရော အစစအရာရာ ပြန်ပြီး ကောင်းလာမယ်၊ လူတိုင်း ထိုးသင့်တယ်လို့ အကြံပေးချင်ပါတယ်

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၀

KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ရောဂါကာကွယ်ရေးကို ဝမ်းမြောက်ဂုဏ်ယူ

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမဦးဆုံး စတင်ထိုးနှံမှု အစီအစဉ် စတင်လိုက်ပြီဖြစ်သည်။ မြန်မာနိုင်ငံအတွက်သာမက နိုင်ငံသူ နိုင်ငံသားများအတွက်ပါ ဝမ်းမြောက်ဖွယ်ရာ၊ ဂုဏ်ယူဖွယ်ရာကောင်းသော အချိန်ကာလ၊ မဂ်လာရှိသောကာလဟု ဆိုရမည်ဖြစ်သည်။

ကူးစက်ရောဂါဖြစ်ပွားနေသော မျက်မှောက်ကာလတွင် လူသားအားလုံး မျှော်လင့်နေသောအရာမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကပ်ရောဂါ ဆိုးကြီးဖြစ်သည့် ကိုဗစ်-၁၉ ရောဂါကြီး ဤကမ္ဘာလောကမှ ကွယ်ပျောက်သွားမည့်နေ့ဖြစ်သည်။ ဤရောဂါမှာ ပျောက်ကွယ်သွားရန် အကြောင်းမရှိသေးသဖြင့် အားလုံးမျှော်လင့်နေသည့်အရာမှာ လူတိုင်းကာကွယ်ဆေးထိုးနှံရေးဖြစ်သည်။

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ပေါ်ထွက်လာပြီးသည်နှင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှစတင်၍ နိုင်ငံအလိုက် ကာကွယ်ဆေးထိုးလာကြသည်။ များသောအားဖြင့် ကာကွယ်ဆေးစတင်ထိုးနိုင်သော နိုင်ငံများမှာ ချမ်းသာကြွယ်ဝသောနိုင်ငံများနှင့် အလယ်အလတ်အဆင့်ရှိသော နိုင်ငံများဖြစ်ကြသည်။ ထိုအခြေအနေကာလတွင် မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံလိုက်နိုင်ပြီဖြစ်၍ ဂုဏ်ယူဖွယ်ရာ၊ ဝမ်းမြောက်ဖွယ်ရာဖြစ်ရသည်မှာ အမှန်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ပြည်သူ၊ ပြည်သားအားလုံး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှ ကာကွယ်ရန်အတွက် ကာကွယ်ဆေးရရှိရန် COVAX facility သို့ အဆိုပြုခြင်း၊ နိုင်ငံတော်အစိုးရဘဏ္ဍာငွေဖြင့် ဝယ်ယူခြင်း၊ အစိုးရအချင်းချင်း ချစ်ကြည်ရေးအစီအစဉ်ဖြင့် လက်ခံရရှိခြင်း စသည့်နည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အရည်အသွေးမြင့်မား၍ လုံခြုံစိတ်ချမှုရှိသော ကာကွယ်ဆေးများကို ဦးစွာရရှိပြီး ဆေးထိုးနှံမှုအစီအစဉ်များလည်း စတင်၍ဆောင်ရွက်နေပြီဖြစ်သည်။

အိန္ဒိယနိုင်ငံအစိုးရမှ မြန်မာနိုင်ငံအစိုးရသို့ အိမ်နီးချင်းနိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် ကာကွယ်ဆေးအလုံးရေ တစ်သန်းခွဲကို ဧနှစ်ဝါရီလ ၂၂ ရက်နေ့တွင် ပေးအပ်ခဲ့သဖြင့် ဧနှစ်ဝါရီလ ၂၇ ရက်နေ့မှစတင်ပြီး နိုင်ငံတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ရှေ့တန်းမှ တာဝန်ယူဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းပြည်သူများအား ထိုးနှံပေးနေပြီဖြစ်သည်။ လာမည့် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် လွှတ်တော်အစည်းအဝေးများ စတင်ကျင်းပတော့မည်ဖြစ်၍ ဧနှစ်ဝါရီလ ၂၉ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧနှစ်ဝါရီလ ၃၀ ရက်နေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအား ထိုးနှံပေးမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အစိုးရအဖွဲ့ဝင်များလည်း ပြည်သူတို့နှင့်အတူ စတင်ထိုးနှံသွားမည် ဖြစ်သည်။ ပြည်သူများအား ကာကွယ်ဆေးထိုးပေးရာတွင် မိမိအိမ်တွင် နေထိုင်ရေးအစီအစဉ်၌ အကျိုးဝင်သော မြို့နယ်များတွင်နေထိုင်ပြီး အသက်ကြီးသူများ၊ အခြားရောဂါအခံရှိသူများနှင့် ရောဂါရရှိလွယ်သော လူအုပ်စုများကို ကာကွယ်ဆေးဆက်လက်ရရှိမှုအပေါ်တွင်မူတည်၍ ကူးစက်ဖြစ်ပွားမှုများသော မြို့နယ်၊ နေရာဒေသများအလိုက် ဦးစားပေးရွေးချယ်ထိုးနှံပေးသွားမည် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ကာကွယ်ဆေးအကြိမ် (dose) အရေအတွက် သန်း ၃၀ ကို ဝယ်ယူထားပြီးဖြစ်ရာ ဖေဖော်ဝါရီလ ပထမပတ်အတွင်း ကာကွယ်ဆေး အကြိမ်ရေ နှစ်သန်းခန့် ကနဦး ရောက်ရှိလာမည်ဖြစ်ပြီး COVAX facility ကာကွယ်ဆေးသည် မတ်လမှ စတင်၍ လည်းကောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူထားသော ကာကွယ်ဆေးများသည် ဧပြီလတွင်လည်းကောင်း လစဉ်အသုတ်လိုက် စဉ်ဆက်မပြတ် ရောက်ရှိနေမည်ဖြစ်၍ ပြည်သူအားလုံး အသုတ်လိုက်ထိုးနှံရမည်ဖြစ်သည်။

ယခုထိုးနှံပေးသော ကာကွယ်ဆေးသည် စွမ်းရည်ထက်မြက်မှုရှိသော်လည်း ကာကွယ်ဆေးနှစ်ကြိမ် ထိုးပြီးနောက် ကာကွယ်မှုစွမ်းရည်၊ ခံနိုင်ရည်ကာလစသည်တို့ကို သုတေသနပြု လေ့လာစမ်းသပ်ဆဲဖြစ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသော ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများကို ဆက်လက်လိုက်နာ ဆောင်ရွက်ရမည်ဖြစ်သည်။ မျက်နှာဖုံးတပ်ရန်၊ လက်ဆေးရန်၊ ခပ်ခွာခွာနေရန်တို့ကို ပုံမှန်သဘောဆက်လက်လုပ်ဆောင်ပေးကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဘေးမှ ကာကွယ်နိုင်ရန် ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာလုပ်ဆောင်နိုင်ပြီး ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို စောစောစီးစီး လုပ်ဆောင်နိုင်သည့်အတွက် ဝမ်းမြောက်ဖွယ်၊ ဂုဏ်ယူဖွယ်ဖြစ်ရပါကြောင်း။ ။

အသီးတစ်ရာ အညှာတစ်ခု ဒို့ညီနောင်ထု ပြည်ထောင်စု။

ဒို့ညီနောင်ထုတည်ထောင်ပြု ပြည်ထောင်စုနေ့ ဒို့မမေ့။

ဖျာပုံမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူရန် ဒုတိယအကြိမ် အလှူငွေကျပ် သိန်း ၃၀၀ ကျော် လှူဒါန်း

ဖျာပုံ ဧနှစ်ဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် အလှူရှင်များက နိုင်ငံတော်သို့ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန် ဒုတိယအကြိမ်အလှူငွေများ လက်ခံခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်းကို ယမန်နေ့တွင် အလှူရှင်များ၏ နေအိမ်များသို့ လိုက်လံပေးအပ်ခဲ့ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန် ဒုတိယအကြိမ်အဖြစ် အလှူငွေများ လှူဒါန်းခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီမှ ဘဏ္ဍာရေးမှူး ဦးကျော်ထွန်းနှင့် အဖွဲ့ဝင်များက အလှူရှင်များ၏ နေအိမ်များသို့သွားရောက်ပေးအပ်ခဲ့ကြသည်။

ဖျာပုံမြို့နယ်အနေဖြင့် ကိုဗစ်-၁၉ အလှူငွေများလှူဒါန်းမှုမှာ ပထမအကြိမ်အဖြစ် အလှူငွေကျပ် သိန်း ၁၇၀၀ ကျော်နှင့် ဒုတိယအကြိမ်အဖြစ် လှူဒါန်းသော အလှူရှင် ၆၁ ဦးမှ လှူဒါန်းငွေကျပ် သိန်း ၃၀၀ ကျော် ထပ်မံပေးအပ် လှူဒါန်းခဲ့သဖြင့် စုစုပေါင်းလှူဒါန်းငွေကျပ် သိန်းပေါင်း ၂၀၀၀ ကျော် လှူဒါန်းခဲ့ကြကြောင်း ဖျာပုံမြို့နယ် ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

အောင်ဝင်းနိုင်(ပြန်/ဆက်)

မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဧနှစ်ဝါရီ ၂၇

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၇-၁-၂၀၂၁)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၉,၇၀၀	၉,၇၀၀	၁,၀၈၈	၁၀,၅၅၂,၉၀၀
MTSH	၃,၉၀၀	၃,၈၅၀	၅၁၈	၂,၀၁၈,၉၅၀

MCB	၈,၂၀၀	၈,၂၀၀	၀	၀
FPB	၂၂,၀၀၀	၂၂,၀၀၀	၄၉၈	၁၀,၉၅၆,၀၀၀
TMH	၂,၇၀၀	၂,၇၀၀	၁၀	၂၇,၀၀၀
EFR	၃,၆၀၀	၃,၇၅၀	၁,၀၈၂	၃,၉၅၄,၃၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧနှစ်ဝါရီ ၂၇

ရန်ကုန်(ရွှေဈေး) ၁၃၂၀၀၀၀ — မန္တလေး(ရွှေဈေး) ၁၃၂၀၀၀၀

စက်သုံးဆီအမျိုးအစား		ရန်ကုန်		မန္တလေး	
(က) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၆၇၀/၇၁၀	ကျပ်	၇၁၀/၇၂၀	ကျပ်
(ခ) ဒီဇယ်	တစ်လီတာ	၆၆၀/၆၉၅	ကျပ်	၆၉၅/၇၀၅	ကျပ်
(ဂ) အောက်တိန်း ၉၅	တစ်လီတာ	၇၅၀/၇၇၀	ကျပ်	၈၁၅/၈၃၀	ကျပ်
(ဃ) အောက်တိန်း ၉၂	တစ်လီတာ	၆၂၅/၆၅၅	ကျပ်	၆၉၀/၆၉၅	ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ်	တစ်လီတာ	၅၈၀/၅၉၀	ကျပ်
အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၉၀/၆၀၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၅၇၅/၅၈၀	ကျပ်

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၃၃၀.၆
(ခ) ဥရောပ	တစ်ယူရို	=	၁၆၁၃.၅
(ဂ) တရုတ်	တစ်ယွမ်	=	၂၀၅.၇၆
(ဃ) ထိုင်း	တစ်ဘတ်	=	၄၄.၃၉၀
(c) မလေးရှား	တစ်ရင်းဂစ်	=	၃၂၈.၇၅
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၈.၂၆၃
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၀၂၈.၂
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၀၃.၇
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၂၈၂.၄
(ည) တောင်ကိုရီးယား	တစ်ရာ၀မ်	=	၁၂၀.၃၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလွဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း
သတင်းထောက်များ
အင်ယတန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မိုမိုအောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြင့၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀ဖြ၇-၃ဖ၁၂ဖ၊ စာတည်းအဖွဲ့ ၀ဖြ၇-၃ဖ၁၂ဓ၊ ၀ဖြ၇-၃ဖ၁၃၀၊ ဖက်စ် ၀ဖြ၇-၃ဖ၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈ဖ၁၀ဖ၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

ပြည်သူသာလျှင် အဓိက

❍ ရှေ့ဖုံးမှ

လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ထိုးနှံပေးနေမှုကို ကြည့်ရှုရာ ပါမောက္ခ ဒေါက်တာကျော်ကျော်ဦးက ကာကွယ်ဆေးထိုးနှံသည့် နေရာများတွင် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ထိန်းသိမ်းထားကြစေလို

ထိုသို့ ကြည့်ရှုစဉ် လာရောက်သတင်းရယူကြသည့် သတင်းမီဒီယာများက ကိုဗစ်-၁၉ ကာကွယ်ဆေး(COVISHIELD) ထိုးနှံမှုနှင့်စပ်လျဉ်းပြီး ပြည်သူသို့ အသိပေးပြောကြားလိုသည့် အချက်များကို မေးမြန်းရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ရောက်ရှိပြီဆိုသော်လည်း ချက်ချင်းအားလုံးထိုးနှံရန် ရောက်လာမည်မဟုတ်ပါကြောင်း၊ ယခုအနေအထားတွင် သတိထားရန်လိုကြောင်း၊ မပေါ့ဆကြစေလိုကြောင်း၊ တချို့ပြည်သူများ အနည်းငယ်ပေါ့ဆသွားမည်ကို စိုးရိမ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်လုပ်နိုင်ပါက လိုသလောက်အသုံးပြု၍ရပါကြောင်း၊ ယခုအချိန်တွင် အခြားနိုင်ငံမှ တင်သွင်းရခြင်းဖြစ်ပါကြောင်း၊ မိမိတို့လိုချင်သလောက်ဝယ်ယူ၍ ရမည်မဟုတ်ပါကြောင်း၊ သို့ဖြစ်၍ ယခုအချိန်တွင် ပြည်သူများအနေဖြင့် သတိထားစေလိုကြောင်း၊ ယခုအခါတွင်လည်း ကူးစက်မှုနှုန်း ကျဆင်းလာပြီဖြစ်သည့်အတွက် ယင်းကို ဆက်လက်ထိန်းသိမ်းထားကြစေလိုကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ အတွေ့အကြုံမရှိသည့်အတွက် ပြည်သူများ စိုးရိမ်ကြသည်မှာ သဘာဝကျပါကြောင်း၊ ကာကွယ်ဆေးထိုးနှံပြီးသူများကို နာရီဝက်ခန့်စောင့်ကြည့်ပြီး စိတ်ချရမှုရှိမှသာ ပြန်လည်ထွက်ခွာခွင့်ပြုရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ပထမဆုံးထိုးနှံသည့် ကျန်းမာရေးဝန်ထမ်း အမျိုးသမီးနှစ်ဦးနှင့် ကာကွယ်ဆေးထိုးနှံရန် ရောက်ရှိနေကြသည့် ကျန်းမာရေးဝန်ထမ်းများကို အားပေးစကား ပြောကြားသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်းရှိ အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးကြောင်း၊ ယခု ကိုဗစ်-၁၉ ကာကွယ်ဆေး(COVISHIELD) ထိုးနှံပြီးသူများအနေဖြင့် ကာကွယ်ဆေးထိုးနှံပြီး ၂၈ ရက်အကြာတွင် ဒုတိယအကြိမ် ပြန်လည်ထိုးနှံသွားရမည်ဖြစ်ကြောင်း သိရသည်။

၂၄ နာရီအတွင်း သက်သာပျောက်ကင်းလေ့ရှိ

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးပါက နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊ ဖျားခြင်း၊ ခေါင်းကိုက်ခြင်း စသည်တို့ ခံစားရတတ်ကြောင်း၊ ပုံမှန်အားဖြင့် အဆိုပါလက္ခဏာများသည် ၂၄ နာရီအတွင်း သက်သာပျောက်ကင်းလေ့ရှိကြောင်း၊ မသက်သာဘဲ ပိုမိုပြင်းထန်လာလျှင်လည်းကောင်း၊ အခြားပြင်းထန်လက္ခဏာများ ခံစားရလျှင်လည်းကောင်း နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက် ပြသသင့်ကြောင်း အသိပေးထားသည်။

ယနေ့နံနက်ပိုင်းမှ စတင်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ဗဟိုအဆင့်ဆေးရုံကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဆေးရုံကြီးများ၊ ခရိုင်အဆင့်ဆေးရုံများနှင့် မြို့နယ်အဆင့် ဆေးရုံများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ထိုးနှံပေးလျက်ရှိပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ကျန်းမာရေးဝန်ထမ်း ၃၈၀၀ ကျော်ကိုလည်း သတ်မှတ်နေရာများနှင့် သက်ဆိုင်ရာ မြို့နယ်ဆေးရုံများတွင် ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ထိုးနှံရန် ရောက်ရှိနေကြသည့် ကျန်းမာရေးဝန်ထမ်းများကို အားပေးစကားပြောကြားစဉ်။

ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး(COVISHIELD)ရောက်ရှိပြီဆိုသော်လည်း ချက်ချင်းအားလုံးထိုးနှံရန် ရောက်လာမည်မဟုတ်ပါကြောင်း၊ ယခုအနေအထားတွင် သတိထားရန်လိုကြောင်း၊ မပေါ့ဆကြစေလိုကြောင်း၊ တချို့ပြည်သူများ အနည်းငယ်ပေါ့ဆသွားမည်ကို စိုးရိမ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်လုပ်နိုင်ပါက လိုသလောက်အသုံးပြု၍ရပါကြောင်း၊ ယခုအချိန်တွင် အခြားနိုင်ငံမှ တင်သွင်းရခြင်းဖြစ်ပါကြောင်း၊ မိမိတို့လိုချင်သလောက်ဝယ်ယူ၍ ရမည်မဟုတ်ပါကြောင်း၊ သို့ဖြစ်၍ ယခုအချိန်တွင် ပြည်သူများအနေဖြင့် သတိထားစေလိုကြောင်း၊ ယခုအခါတွင်လည်း ကူးစက်မှုနှုန်း ကျဆင်းလာပြီဖြစ်သည့်အတွက် ယင်းကို ဆက်လက်ထိန်းသိမ်းထားကြစေလိုကြောင်း၊

ပြည်သူသို့ အသိပေးတင်ပြချက်

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်နေ့

(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

၁။ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ (COVID-19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် (၃၁-၁၂-၂၀၂၀) ရက်နေ့အထိ ထုတ်ပြန်ထားသော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ပြည်သူသို့ပန်ကြားချက်၊ ညွှန်ကြားချက်များ (ဖြေလျှော့/တိုးမြှင့်ရန် လမ်းညွှန်ထားသော ကိစ္စရပ်များမပါ)အား (၃၁-၁-၂၀၂၁) ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်သွားရန် ၂၉-၁၂-၂၀၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

၂။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် COVID-19 ကြောင့် ပြည်သူများ စီးပွားရေးအရ၊ စိတ်ဓာတ်ရေးရာအရ ကျပ်တည်းခြင်း များစွာရှိနေခြင်းကို အထိုက်အလျောက် ပြေလျော့စေရန် လစဉ် ၁၅၀ ယူနစ်အတွက် ဓာတ်အားခကျသင့်ငွေကင်းလွတ်ခွင့်(အခမဲ့)အား (၃၁-၁၂-၂၀၂၀)အထိ ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၃။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး တိုးမြှင့်ခဲ့သည့် ဇန်နဝါရီလ(၁)ရက်နေ့မှ ဇန်နဝါရီလ (၃၁)ရက်နေ့အထိ (၁၅၀)ယူနစ်အား ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့်(အခမဲ့) ပေးသွားမည်ဖြစ်ပါသည်။

၄။ ထို့ကြောင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့မှ (၃၁)ရက်နေ့အထိ ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ (သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ(မပါ)) အတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၁ ယူနစ်မှ ၁၅၀ ယူနစ်ထိ စုစုပေါင်း(၁၅၀) ယူနစ်ကို ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့်(အခမဲ့) ရရှိမည်ဖြစ်ပါသည်။

၄။ သို့ပါ၍ သုံးစွဲခဲ့သော လျှပ်စစ်ဓာတ်အားသုံးစွဲမှုယူနစ်များအနက်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု(၁)ယူနစ်မှ (၁၅၀)ယူနစ်အထိ သုံးစွဲသူများကို သုံးစွဲယူနစ်အလိုက် ဓာတ်အားခကျသင့်ငွေနှင့် မီတာဝန်ဆောင်ခ အပါအဝင် ကင်းလွတ်ခွင့်(အခမဲ့)ရရှိမည်ဖြစ်ပြီး (၁၅၁) ယူနစ်နှင့်အထက် သုံးစွဲသူများကို ယူနစ်(၁၅၀)အတွက် ဓာတ်အားခကျသင့်ငွေ (၁၁၅၅၀/-) ကင်းလွတ်ခွင့်(အခမဲ့)ရရှိမည် ဖြစ်ပါသည်။

၅။ အိမ်သုံးအမျိုးအစား၌ လျှပ်စစ်မီးသုံးစွဲသူများမှ (၁၅၁) ယူနစ်နှင့်အထက် သုံးစွဲမှုများအား အလွှာလိုက်သတ်မှတ်ချက်နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ အထူးကိစ္စတစ်ရပ်အနေဖြင့် ကင်းလွတ်ခွင့်ပြုခဲ့သော အိမ်သုံးမဟုတ်သည့် အမျိုးအစားတွင် ပါဝင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အုပ်စုမှ ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများမှအပ ကျန်သုံးစွဲသူများအားလုံးသည် ယခင်သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

ဟင်္သာတခရိုင်အတွင်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

ဟင်္သာတ ဇန်နဝါရီ ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်၊ မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အာဟာရပြည့်ဝစေရန် ရည်မှန်း၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဟင်္သာတခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၃၃၄ ယူနစ် ၄၈၇ ရွာအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အိမ်ထောင်စု ၄၄၆၅၁ စုအား အကျိုးပြုဆောင်ရွက်နိုင်ခဲ့သည်။

ထုတ်ချေးပေးမည်

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဟင်္သာတခရိုင် ကွပ်ကဲမှုအောက်ရှိ မြို့နယ်ခြောက်မြို့နယ်မှ (ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ဇလွန်၊ လေးမျက်နှာ၊ အင်ပူ) မြို့နယ်တို့တွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း ၁၂ ယူနစ် ၁၃ ရွာကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အတွင်း ငွေကျပ်သန်း ၃၆၀ ဒသမ ၀၀ အား အသင်းသားများလက်ဝယ်သို့ အရောက် ထုတ်ချေးပေးမည်ဖြစ်ပြီး အိမ်ထောင်စု ၁၅၂၉ စုအား အကျိုးပြုမည် ဖြစ်ကြောင်း သိရသည်။

ကြေးမုံ

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ

နေပြည်တော် ဧပြီလ ၂၇

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ၊ ပြင်ဆင်သည့် ဥပဒေနှင့် နည်းဥပဒေများ ထုတ်ပြန်ထားမှု၊ အမျိုးသား ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီ ဖွဲ့စည်းရေးအတွက် အဖွဲ့က ကောင်စီဝင် ရွေးကောက်တင်မြှောက်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း၊ ကောင်စီဝင် ရွေးကောက်တင်မြှောက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ အမည်စာရင်းတောင်းခံခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ ကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ၊ ကောင်စီဝင်များတွင် ရှိရမည့် အရည်အချင်း၊ အတွေ့အကြုံနှင့် နယ်ပယ်များ၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ၊ Spectrum Allocation လုပ်ငန်းစဉ်များ ကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ဆောင်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်း အချိန်ဇယားများနှင့်အတူ ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ရှင်းလင်း တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့က ပြဋ္ဌာန်းထားရှိပြီးဖြစ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းစဉ်အချိန်ဇယားလျာထားသတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီအနေဖြင့် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း၊ လိုင်စင်လျှောက်ထားသူများ စိစစ်ခွင့်ပြုခြင်း၊ သက်တမ်းတိုးခြင်း၊ ဆိုင်းငံ့ခြင်း၊ လိုင်စင်သိမ်းယူခြင်း၊ ကျင့်ဝတ်များ ရေးဆွဲပြဋ္ဌာန်းခြင်း၊ စီမံခန့်ခွဲမှုဖြင့် အရေးယူခြင်း၊ အသုံးစရိတ်များ သတ်မှတ်ပြဋ္ဌာန်းခြင်း၊ လှိုင်းနှုန်းစဉ် လျာထားခြင်း စသည့်လုပ်ငန်းများအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ Online e-campus စတင် မိတ်ဆက်ခြင်း အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဧပြီလ ၂၇

Online e-campus စတင်မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ILO-ITC Myanmar က တာဝန်ယူ၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

မိတ်ဆက်ခြင်းအခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ ILO-ITC မှ ကျွမ်းကျင်ပညာရှင်များ၊ ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ILO (ရန်ကုန်) ရုံးမှ ILO ဆက်ဆံရေးအရာရှိ Mr. Donglin Li နှင့် Project Manager များ၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။



သုံးပွင့်ဆိုင် စီမံဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အလုပ်သမားရေးရာ ကိစ္စများသည် သုံးပွင့်ဆိုင် စီမံဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ အခုကဲ့သို့ ကပ်ရောဂါကာလအတွင်း၌ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် အလုပ်သမားရေးရာ ဗဟုသုတများနှင့် အလေ့အကျင့်ကောင်းများကို ပညာပေးရန်၊ မျှဝေပေးရန် ရည်ရွယ်ချက်တို့ဖြင့် သက်ဆိုင်သူအားလုံး ပါဝင်လေ့လာနိုင်သည့် Online Platform တစ်ခု စတင်နိုင်ခြင်းသည် အကျိုးရှိသည့် ဆောင်ရွက်နိုင်မှုဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် စီမံခန့်ခွဲမှုအပိုင်းများကို IT နည်းပညာဖြင့် ဆောင်ရွက်ရာတွင် အားနည်းချက်အချို့ရှိခဲ့သော်လည်း ကိုဗစ်-၁၉ ဖြစ်ပွားချိန်တွင် အခြေအနေအရ လိုအပ်မှုကြောင့် Virtual ပုံစံဖြင့် မဖြစ်မနေ ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါအပြောင်းအလဲသည် နိုင်ငံတော်၏ e-Government စနစ်သို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းလာခြင်းလည်း ဖြစ်ပါကြောင်း၊ e-campus ကို စီစဉ်ဆောင်ရွက်ရာတွင် ILO အနေဖြင့် Stakeholder အများအပြားနှင့် အင်တာဗျူးပြုလုပ်ခဲ့သည့်အတွက် အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ သုံးပွင့်ဆိုင်အဖွဲ့များ၏ လိုအပ်ချက်များကို သိရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

ယခု Online e-campus ကို လူမှုရေးဆွေးနွေးပွဲများ၊ အပြည်ပြည်ဆိုင်ရာ စံနှုန်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကဏ္ဍများအတွက် အရင်းအမြစ် အကန့်အသတ်ဖြင့်သာ စတင်ဆောင်ရွက်ထားပြီးနောက်ထပ်သင်တန်းများနှင့် သတင်းအချက်အလက်များ ထပ်မံဖြည့်စွက်ဆောင်ရွက်ပေးမည်ဟု သိရှိရသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်း၊ e-campus အတွက် Material ရွေးချယ်ရာ၌ ILO ၏ ဦးစားပေးမှုများကို ထည့်သွင်းစဉ်းစားသင့်သို့ မိမိတို့နိုင်ငံ၏ ဦးစားပေးကဏ္ဍများနှင့် လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားပေးရန် အကြံပြုလိုပါကြောင်း၊ ကိုဗစ် -၁၉ ကပ်ရောဂါကာလအတွင်း၌ ရောဂါကာကွယ်ရေး၊ ကုသရေးတို့နှင့်အတူ အရေးပါသည့် လုပ်ငန်းတစ်ခုမှာ လူမှုကာကွယ်ပေးရေးဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာန အနေဖြင့် အလုပ်သမားများအတွက် လူမှုကာကွယ်ပေးရေးကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း လူချင်းတွေ့ဆုံ၍ သင်တန်းပေးရန် မလွယ်ကူသည့်အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများကို နေရာတစ်ခုတည်းတွင် Online Platform ဖြင့် သင်တန်းများ ပို့ချပေးနိုင်ခြင်းသည် အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ယင်း Online Platform ကို ကိုဗစ်-၁၉ ကပ်ရောဂါပြီးဆုံးပြီးနောက်တွင်လည်း တန်ဖိုးရှိသော Resource တစ်ခုအဖြစ် ဆက်လက်အသုံးပြုသွားရမည်ဖြစ်ပါကြောင်း၊ အလုပ်သမားရေးရာနှင့် ဆက်နွယ်သော ဘာသာရပ်များအပေါ် အဆက်မပြတ်လေ့လာခြင်း၏ အရေးပါမှုကို အသိအမှတ်ပြုလျက် e-campus Platform စတင်မှုအပေါ် ILO အား ချီးကျူးဂုဏ်ပြုပါကြောင်း၊ ယခု Platform သည် အလုပ်သမားအရေးကိစ္စများအပေါ် အသိပညာနှင့် ကျွမ်းကျင်မှုများ ဆက်လက်တည်ဆောက်ရန်နှင့် ညှိနှိုင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးရေရှည်ဆောင်ရွက်နိုင်ရန်အတွက် အရေးပါသည့် အခွင့်အလမ်းတစ်ခုဖြစ်စေပြီး ၂၀၁၄ ခုနှစ်မှ စတင်ခဲ့သည့် National Tripartite Dialogue Forum-NTDF ပြီးလျှင် ယခု Online Platform သည် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအတွက် ဗဟုသုတမျှဝေရာ ဗဟိုကျသော ဆုံမှတ်တစ်ခု ဖြစ်လာမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ILO Myanmar မှ ဆက်ဆံရေးအရာရှိ Mr. Donglin Li နှင့် ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန Deputy Director, Mr. Ken Fujii တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် ILO-ITC မှ Director of Learning, Mr.Andreas Klemmer နှင့် ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင် Mr. John Richotte တို့က e-campus platform နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသည့် အလုပ်ရှင်ကိုယ်စားလှယ်နှင့် အလုပ်သမားကိုယ်စားလှယ်တို့က e-campus platform နှင့်ပတ်သက်သည့် လေ့လာတွေ့ရှိချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့် အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ(၂၅-၁-၂၀၂၁)ရက်နေ့ကပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၇-၁၂-၂၀၂၀)ရက်နေ့မှ (၁၅-၁-၂၀၂၁)ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ၁၀ ဦး ကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်းလေးဦး၊ အထွေထွေ ၃၃ ဦး ပေါင်း ၃၇ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ ၁၃ ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၅ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၀၅၅ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၇၇ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၁၂၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို နေပြည်တော် သံဝေဇနီယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီဌာနသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး နွေရာသီ ဆည်ရေရရှိမှုအခက်အခဲမရှိစေရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၇
ပြည်ထောင်စုနယ်မြေ နေပြည်တော် သံဝေဇနီယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီဌာနတွင် နွေရာသီ ဆည်ရေရရှိမှုအခက်အခဲဖြစ်နေ၍ တစ်နှစ်ပတ်လုံး ဆည်ရေရှိနိုင်ရေးအတွက် ရေမော်တာထားရှိမည့်နေရာ၊ ရေပိုက်လိုင်းသွယ်တန်းမည့်နေရာနှင့် လျှပ်စစ်သွယ်တန်းမည့်နေရာတို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများက ယနေ့ နံနက် ၉ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကိုဗစ်-၁၉ ကင်းစင်၍ ဘုရားများ ပြန်လည်ဖွင့်လှစ်ပါက ဘုရားဖူးပြည်သူများ ရေလုံလောက်စွာ သုံးစွဲနိုင်ရန်နှင့် နွေရာသီဆည်ရေရရှိမှု အခက်အခဲမဖြစ်ပေါ်စေရေးအတွက် ရေမော်တာ တပ်ဆင်ခြင်း၊ ရေပိုက်လိုင်းများ သွယ်တန်းခြင်းနှင့် လျှပ်စစ်မီးသွယ်တန်းခြင်းတို့ကို တာဝန်ယူဆောင်ရွက်မည့် Han Sein Thant Co.,Ltd. ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက စေတီများနှင့် တရားစခန်းတို့ကို တစ်နှစ်ပတ်လုံး ဆည်ရေရရှိမှုအခက်အခဲမရှိစေရေး အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အဖွဲ့သည် သံဝေဇနီယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီများသို့ လှည့်လည်ဖူးမြော်ကြည်ညိုစဉ် မဟာဗောဓိ စေတီတော်ရှိ ဘေးမဲ့ငါးလွှတ်ကန်အား ပြန်လည်တူးဖော်မည့်အခြေအနေကိုကြည့်ရှုစစ်ဆေး၍သံဝေဇနီယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီဌာနဝင်းအတွင်း စိမ်းလန်းစိုပြည်စေရန် စိုက်ပျိုးထားရှိသော အပင်များကို ဂရုစိုက်ပျိုးထောင်ရေး၊ (ဟော)စေတီဝင်းအတွင်း၌ ပျက်စီးနေသော အခင်းကျောက်ပြားများကို အမြန်ဆုံးပြန်လည်ပြုပြင်ရန်နှင့် တောမီးလောင်ကျွမ်းခြင်းမရှိစေရေး၊ မယ်တော်မာယာ ရေသန့်စင်သည့် ကန်တော်ရှိရေများ အမြဲမပြတ် ရေသန့်စင်စေရေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း (၁၁)သင်းမှ ဥက္ကဋ္ဌများကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၇
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း ၁၁ သင်းမှ ဥက္ကဋ္ဌများကို နေပြည်တော်ရှိ ဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနမှတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း ၁၁ သင်းမှ ဥက္ကဋ္ဌများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဇန်နဝါရီ ၈ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၁) တွင် Myanmar Tourism Strategic Recovery Roadmap (MTSRR) (2021–2025)ကို တရားဝင်ထုတ်ပြန်ခဲ့ပြီး ကိုဗစ်-၁၉ ကြောင့် ထိခိုက်သွားသည့် ခရီးသွားလုပ်ငန်း ပြန်လည်နာလန်ထူလာစေရန် အမျိုးသားအဆင့် Roadmap ဖြစ်သည့် MTSRR ကို လမ်းညွှန်အဖြစ်အသုံးပြုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များက မိမိတို့ဒေသနှင့် ကိုက်ညီသည့် Regional Tourism Master Plan များ ပေါ်ထွက်လာအောင် ရေးဆွဲဆောင်ရွက်ရာတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးစေလိုပါကြောင်း။

လက်ရှိအနေအထား၌ ရှိပြီးခရီးစဉ်ဒေသများကို အဆင့်အတန်းမြှင့်တင်ပြီး ခရီးစဉ်ဒေသသစ်များကိုလည်း ရှာဖွေဖော်ထုတ်ရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ လုပ်ဆောင်နေသည်များကို ပြည်သူများသိရှိနိုင်ရေးအတွက် ဝန်ကြီးဌာန၏ Facebook နှင့် Website မှ အချိန်နှင့်တစ်ပြေးညီ ဖော်ပြလျက်ရှိရာတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များကလည်း အများပြည်သူ အသိပညာပေးလုပ်ဆောင်နေခြင်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုပါကြောင်း။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့၏ ထုတ်ပြန်ညွှန်ကြားချက်များကို မိမိတို့ဝန်ကြီးဌာန ညွှန်ကြားချက်နှင့် ပေါင်းစပ်၍ National Tourism Guideline for COVID–19 Safe Services ကို ထုတ်ပြန်ထားရှိပြီးဖြစ်ပါကြောင်း။

ထို့အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့် UNWTO၊ WTTC စသည့် နိုင်ငံတကာ ခရီးသွားအဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များကို ပေါင်းစပ်ပြီး Enchanting Myanmar Health and Safety Protocol (HSP) for Safe Tourism Myanmar ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ချက်နှင့်အညီ ပြုစုထုတ်ပြန်ခဲ့ပြီး ကိုဗစ်-၁၉ ညွှန်ကြားချက် Social Distancing Guidelines များကို လိုက်နာပြီး ဘေးကင်းလုံခြုံစွာ ခရီးသွားနိုင်ကြောင်းကို အများပြည်သူသိမြင်လက်ခံလာရန် Non–landing Sightseeing Flight နှင့် Public Relation Campaign အဖြစ် စမ်းသပ်ဆောင်ရွက်ခဲ့ပါကြောင်း။

ပညာရေးဝန်ကြီးဌာနနှင့် ပူပေါင်း၍ Hospitality၊ Tourism၊ Guide TVET Diploma သင်တန်းဖွင့်လှစ်နိုင်ရေး၊ အမျိုးသားစံချိန်စံညွှန်းကောင်စီနှင့် ပူးပေါင်း၍ Hotel၊ Motel၊ Guest House များ အဆင့်အတန်း ပြန်လည်သတ်မှတ်ရန်နှင့် NSSA နှင့် ပူးပေါင်းပြီး Industry တွင် ကျွမ်းကျင်မှုလက်မှတ်ရသူများ အလုပ်အကိုင် အခွင့်အလမ်းပိုမိုရရှိနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပါဝင်ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အွန်လိုင်းမှ တက်ရောက်လာကြသည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း ၁၁ သင်းမှ ဥက္ကဋ္ဌများက COVID–19 Yellow Campaign ပူးပေါင်းဆောင်ရွက်မှု၊ ဟိုတယ်များ star အဆင့် သတ်မှတ်နိုင်ရေး ဆောင်ရွက်မည့်အခြေအနေ၊ COVID Impact Assessment Survey (CIAS) ကောက်ယူစစ်တမ်းထုတ်မှု၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ မော်တော်ယာဉ်တန်းခရီးစဉ် သွားရောက်နိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ထားမှုများ အပါအဝင် လုပ်ငန်းဆောင်ရွက်နေမှုများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များက တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လိုက်နာရမည့် Quarantine သတ်မှတ်ချက်များနှင့် SOP များ တောင်းခံထားမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တစ်ဦးကိုတစ်ဦး အသိပေးခြင်း၊ သတိပေးခြင်း မိသားစုစီမံချက်ကို အသင်းအဖွဲ့များ၏ ဆက်စပ်သူအားလုံး အသိပေးဆောင်ရွက်စေရန်ကိစ္စ၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်ထားရှိမှု၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပမည့် ASEAN Tourism ဖိုရမ်အား အွန်လိုင်းမှ တက်ရောက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်က အသင်းဥက္ကဋ္ဌများ၏ တင်ပြချက်များ အပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က နိဂုံးချုပ် အမှာစကားပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

နေပြည်တော် ဇန်နဝါရီ ၂၇
နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ၌ ပြစ်ဒဏ်ကျခံပြီးဖြစ်သည့် မြန်မာနိုင်ငံသား ၄၅ ဦးအပါအဝင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၆၈ ဦးအား မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ၦင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ၇ ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှုမှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ ကွာလာလမ်ပူမြို့ မြန်မာသံရုံးအနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိရာ မလေးရှားနိုင်ငံမှ ယနေ့အထိ ကယ်ဆယ်ရေးလေယာဉ် (၄၅)ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

ညီညွတ်မှုဖြင့် ပြည်ထောင်စုတည်

သိန်းထွန်း(IR)

နိုင်ငံ၏အသည်းနှလုံး

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၁ နာရီအချိန် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပင်လုံမြို့လေးတွင် စုဝေးရောက်ရှိနေကြသည်က ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များဖြစ်သည်။ နိုင်ငံ့အနာဂတ်အရေးအတွက် စည်းလုံးသော၊ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်ထောင်ရေးအတွက် မျက်နှာချင်းဆိုင်ကြသည်၊ ဆွေးနွေးညှိနှိုင်းကြသည်၊ အဖြေရှာခဲ့ကြသည်၊ သဘောတူလက်မှတ်ရေးထိုးခဲ့ကြ၏။ ယင်းမှာ ခေတ်သစ်ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး နိဒါန်းအစပင် ဖြစ်ပါ၏။ မြန်မာ့သမိုင်းအဆက်ဆက်တွင် တိုင်းရင်းသား ညီအစ်ကိုများအကြား ပထမဆုံးသဘောတူလက်မှတ်ရေးထိုးကြသည့် ပြည်ထောင်စုသဘောတူစာချုပ်ဟုဆိုရမည့် ပင်လုံစာချုပ် ချုပ်ဆိုခဲ့ကြသည်။

ထိုတိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပင်လုံစာချုပ်ကို လွယ်လွယ်ကူကူ လက်မှတ်ထိုးနိုင်ခဲ့သည်တော့ မဟုတ်။ နယ်ချဲ့တို့၏ သွေးခွဲမှုအမျိုးမျိုးအပါအဝင် အခက်အခဲများကြားမှ မှန်ကန်သော စေတနာ၊ မဆုတ်မနစ်သောဇွဲဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များက အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့ရခြင်း ဖြစ်ပေသည်။ မြန်မာ့လွတ်လပ်ရေးထက် တစ်နှစ်ခန့်စောသော တိုင်းရင်းသားညီအစ်ကိုများအကြား သဘောတူစာချုပ် ပင်။ ယနေ့ဆိုလျှင် ပင်လုံစာချုပ် ချုပ်ဆိုခဲ့သည်မှာ နှစ်ပေါင်း ၇၄ နှစ်ပင် ကြာခဲ့လေပြီ။

ထိုတိုင်းရင်းသားစည်းလုံးညီညွတ်မှု မရှိခဲ့လျှင် မြန်မာ့လွတ်လပ်ရေး မည်သို့ဖြစ်မည်နည်း။ ပြည်ထောင်စုမြန်မာနိုင်ငံအနာဂတ် မည်သို့ဖြစ်မည်နည်း။ ထိုမေးခွန်းတို့၏ အဖြေသည် ပင်လုံစာချုပ်ဆိုသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပင် ဖြစ်ပေလိမ့်မည်။ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ပြီးနောက် ပြိုကွဲနေသော ကမ္ဘာ့နိုင်ငံများကို နမူနာယူနိုင်ပါသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားများဖြင့် စုစည်းနေထိုင်ကြသည့် နိုင်ငံဖြစ်သည်။ ယင်းသည် မြန်မာနိုင်ငံအတွက် အသည်းနှလုံးပင်ဖြစ်၏။ ထို့အတွက် တိုင်းရင်းသားများ၏ ညီညွတ်မှုသည် လွတ်လပ်ရေးအတွက် အထူးပင်အရေးပါခဲ့သကဲ့သို့ နောင်တွင်လည်း ဆက်လက်အရေးပါနေဦးမည်ဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသရုပ်

မိမိတို့နိုင်ငံတွင် ပြည်ထောင်စုနေ့ဟု ဆိုလိုက်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသရုပ်၊ လွတ်လပ်ရေးအတွက် အခြေခံအုတ်ဖြစ်ဟု အားလုံးက နားလည်လက်ခံထားပြီးဖြစ်သည်။ အထူးသဖြင့် ကိုလိုနီအုပ်ချုပ်ရေးကာလအလွန် အနာဂတ်မြန်မာနိုင်ငံတည်ဆောက်ရေးအတွက် တိုင်းရင်းသားများ၏ တစည်းတလုံးတည်းသဘောကိုပြသသော အမှတ်လက္ခဏာ ဖြစ်သည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးဖြင့် စုစည်းနေထိုင်ကြသည်ဆိုသည်မှာ မိမိတို့နိုင်ငံ၏ ထူးခြားသော ဝိသေသလက္ခဏာဖြစ်သည်ဆိုသည်ကို အစဉ်သတိချပ်ကြရပါမည်။ မတူကွဲပြားသော တိုင်းရင်းသားများ စုစည်းနေထိုင်ကြသည်ဆိုသည်မှာ အားသာချက်များရှိနေသကဲ့သို့ အားနည်းချက်များလည်း ရှိနေနိုင်ပါသည်။ သုံးတတ်လျှင် အား၊ မသုံးတတ်လျှင် ကျားဆိုသကဲ့သို့ ထိုမတူကွဲပြားမှုများကို မည်ကဲ့သို့ရှုမြင်၍ မည်ကဲ့သို့ကိုင်တွယ်ကျင့်သုံးမည်ဆိုသည်က ပို၍အရေးကြီးပေလိမ့်မည်။

မြန်မာ့သမိုင်းတွင် ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော် တည်ထောင်ခဲ့သည့် သမိုင်းဖြစ်စဉ်များတွင် နိုင်ငံစည်းလုံးညီညွတ်အားကောင်းချိန်တွင် နိုင်ငံတည်ဆောက်နိုင်၍ နိုင်ငံအတွင်း သူတစ်လူ ငါတစ်မင်းနှင့် စည်းလုံးမှု ပြိုကွဲနေချိန်၊ အုပ်ချုပ်ရေးအာဏာ လျော့ကျလာချိန်တွင် နိုင်ငံပြိုကွဲခဲ့သည်ကို တွေ့မြင်ခဲ့ကြရပြီးဖြစ်သည်။ မြန်မာနိုင်ငံ ကိုလိုနီလက်အောက်တွင် နိုင်ငံအနှံ့ နည်းလမ်းမျိုးစုံဖြင့် တိုင်းရင်းသားအားလုံးက တော်လှန်တိုက်ခိုက်ခဲ့

ဗိုလ်ချုပ်အောင်ဆန်း ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးစဉ်။

ကြသော်လည်း တစုတစည်းတည်း စုစည်းနိုင်မှုအားနည်းခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော နယ်ချဲ့ဆန့်ကျင်ရေးတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစုတစည်းတည်း ပေါင်းစည်းနိုင်ခဲ့သဖြင့် နယ်ချဲ့တို့၏ နောက်ဆုံးအချိန်အထိ အမျိုးမျိုးသွေးခွဲမှုများအကြားမှ တိုင်းရင်းသားများစည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးရယူနိုင်ခဲ့သည်မှာ စည်းလုံးညီညွတ်ရေး၏ အရေးပါမှုပင် ဖြစ်ပေသည်။

ခေါင်းဆောင်မှုအောက်မှ စည်းလုံးညီညွတ်ရေး

သို့သော်လည်း ပင်လုံစာချုပ်ဖြင့် စုစည်းနိုင်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ကြာရှည်မခံခဲ့။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးနောက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တစ်စတစ်စပြိုကွဲလာခဲ့ပြီး ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခသည်လည်း လွတ်လပ်ရေးနှင့်အတူ ပေါက်ပွားလာခဲ့သည်မှာ ယနေ့အထိပင်။ သို့ဆိုပါလျှင် ဗိုလ်ချုပ်အောင်ဆန်းရှိစဉ်က တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း မရှိတော့သည့် အချိန်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့သည်ကို ကြည့်ခြင်းအားဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် ခေါင်းဆောင်မှုအရည်အသွေးနှင့် ဆက်နွယ်နေသည်မှာလည်း သတိချပ်ဖွယ်ပင်ဖြစ်၏။

ခေတ်အဆက်ဆက် နိုင်ငံထူထောင်ခဲ့ကြသည့် အနော်ရထာ၊ ဘုရင်နောင်နှင့် အလောင်းဘုရားတို့သည် အစိတ်စိတ်ကွဲပြားနေသော မြန်မာနိုင်ငံကို ခိုင်မာအောင် တည်ထောင်နိုင်ခဲ့သည်ကို ကြည့်ရှုခြင်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်ရာတွင် ခိုင်မာသော ခေါင်းဆောင်မှုလိုအပ်ကြောင်း တွေ့မြင်ကြရမည်ဖြစ်သည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှ ယနေ့အထိ ခေတ်သစ်မြန်မာ့သမိုင်းတွင် သွေးစည်းညီညွတ်သည့် အချိန်ကာလနှင့် အချင်းချင်းသွေးကွဲကာ ပဋိပက္ခများ၊ တိုက်ခိုက်မှုများနှင့် ဖြတ်သန်းရသည့်ကာလ နှိုင်းချိန်ပါက အချင်းချင်းသွေးကွဲသည့်ကာလ ပိုမိုများပြားခဲ့သည်ကို တွေ့ရပေမည်။ သို့အတွက်လည်း နိုင်ငံပြန်လည်တည်ဆောက်နိုင်သည့် အချိန်ကာလ နည်းပါးခဲ့ပြီး အဆင်းရဲဆုံးနိုင်ငံဘဝရောက်ခဲ့ရသည်မှာလည်း စည်းလုံးမှုမရှိခြင်း၏ အကျိုးဆက်တစ်ခုဟု ဆိုရပါမည်။ ခေတ်အဆက်ဆက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေသည့် အရင်းခံအကြောင်းတရားတို့တွင် တိုင်းရင်းသားပြဿနာ၏ အရင်းခံကို လျစ်လျူရှုခြင်း၊ လူမျိုးစွဲ၊ ဝါဒစွဲကြီးမားခြင်း၊ ရာထူးအာဏာနှင့် ကိုယ်ကျိုးစီးပွားရှာခြင်း၊ အမုန်းတရားနှင့် အာဃာတ ရှိနေခြင်း၊ သွေးထိုးလှုံ့ဆော်မှုများ ရှိနေခြင်းတို့ကို အဓိကတွေ့ရနိုင်သည်။

ရေရှည်ခိုင်မာသော ပြည်ထောင်စု

တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်ကြသော နိုင်ငံတွင် ခိုင်မာ၍ရေရှည်တည်တံ့သော ပြည်ထောင်စုအဖြစ် တည်ထောင်ရန်ဆိုပါက တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် သက်ဆိုင်သူများအားလုံးအကြား ထာဝရတည်တံ့သော ငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးဆိုင်ရာ ဘုံသဘောတူညီချက်များအပေါ် အခြေခံရန် လိုအပ်မည်ဖြစ်ပေသည်။ ထို့အတူ စည်းလုံးညီညွတ်မှုနှင့် ရင်ကြားစေ့ရေး တည်ဆောက်ရာတွင် စည်းလုံးမှုကို ပျက်ပြားစေသည့် အရင်းခံအကြောင်းတရားများကိုလည်း အစွဲကင်းကင်း၊ အာဃာတကင်းကင်းဖြင့် ရှာဖွေဖြေရှင်းကြရန် ဦးစွာ လိုအပ်ပေလိမ့်မည်။

မိမိတို့နိုင်ငံတွင် ပင်လုံသဘောတူစာချုပ် ချုပ်ဆိုခဲ့သည်မှာ နှစ်ပေါင်း ၇၄ နှစ်ရှိသည့်တိုင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားရင်ကြားစေ့ရေး ခရီးလမ်းမှာ မြင့်ချည်၊ နိမ့်ချည် အတက်၊ အကျများနှင့် ရှိနေဆဲပင်။ ယခုအချိန်သည် မိမိတို့အားလုံးအကြား ကျောခိုင်းနေကြရမည့် အချိန် မဖြစ်သင့်တော့၊ မိသားစုစိတ်ဓာတ်ဖြင့် မျက်နှာချင်းဆိုင်သင့်ပေပြီ။ စည်းလုံးညီညွတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေးဆိုသည်ကလည်း သဘောတရားနှင့် လက်တွေ့ဟန်ချက်ညီရန် လိုအပ်ပါသည်။

ဘုရားဟော စည်းလုံးညီညွတ်မှု

နိုင်ငံတစ်နိုင်ငံ၏ စည်းလုံးညီညွတ်မှု၊ နိုင်ငံတစ်နိုင်ငံ၏ ရပ်တည်မှုနှင့် နိုင်ငံတစ်နိုင်ငံ၏ ပျက်သုဉ်းမှုတို့ကို ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်၊ မင်းတို့ မဆုတ်ယုတ်ကြောင်းတရားခုနစ်ပါးတွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိနိုင်ပါ၏-

မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို မိန့်တော်မူ၏။

"အာနန္ဒာ ဝဇ္ဇီမင်းတို့သည် မကြာမကြာ စည်းဝေးကုန်၏လော။ အကြိမ်များစွာ စည်းဝေးကုန်၏လော၊ သင်အဘယ်သို့ ကြားရသနည်း" ဟု (မိန့်တော်မူ၏)။

အရှင်ဘုရား "ဝဇ္ဇီမင်းတို့သည် မကြာမကြာ စည်းဝေးကုန်၏။ အကြိမ်များစွာ စည်းဝေးကုန်၏" ဟု အကျွန်ုပ် ကြားရပါသည်ဟု (လျှောက်၏)။

အာနန္ဒာ ဝဇ္ဇီမင်းတို့သည် မကြာမကြာ စည်းဝေးလျက် အကြိမ်များစွာ စည်းဝေးနေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွားရန်သာ ရှိပေ၏။ ဆုတ်ယုတ်ရန်ကား မရှိပေ။

"အာနန္ဒာ ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးကုန်၏လော၊ အညီအညွတ် အစည်းအဝေးမှ ထကုန်၏လော၊ ဝဇ္ဇီတိုင်းရေးကိစ္စတို့ကို အညီအညွတ် ဆောင်ရွက်ကုန်၏လော၊ သင် အဘယ်သို့ ကြားရသနည်း" ဟု (မိန့်တော်မူ၏)။

အရှင်ဘုရား "ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးကုန်၏။ အညီအညွတ် အစည်းအဝေးမှ ထကုန်၏၊ ဝဇ္ဇီတိုင်းရေးကိစ္စတို့ကို အညီအညွတ် ဆောင်ရွက်ကုန်၏" ဟု အကျွန်ုပ် ကြားရပါ၏ ဟု (လျှောက်၏)။

အာနန္ဒာ ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးလျက်၊ အညီအညွတ် အစည်းအဝေးမှ ထလျက် ဝဇ္ဇီတိုင်းရေးကိစ္စတို့ကို အညီအညွတ်ဆောင်ရွက်နေသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွားရန်သာ ရှိပေ၏။ ဆုတ်ယုတ်ရန်ကား မရှိပေ။

သို့သော်လည်း ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်း၏ ဖြားယောင်းမှု၊ အချင်းချင်းစိတ်ဝမ်းကွဲစေမှုတို့ကြောင့် ဝဇ္ဇီတို့ပျက်စီးခဲ့ကြရပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ရေသောက်မြစ်ဖြစ်သော စည်းလုံးညီညွတ်မှုပြိုကွဲသည်နှင့် နိုင်ငံပျက်စီးရသည့် သာဓကပင်ဖြစ်၏။

အသွင်ကူးပြောင်းရေးနှင့် အကြီးမားဆုံးစိန်ခေါ်မှု

ယနေ့ အသွင်ကူးပြောင်းဆဲ မြန်မာနိုင်ငံ၏ အကြီးဆုံးစိန်ခေါ်မှုဟုဆိုပါလျှင် စည်းလုံးညီညွတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးဟု ဆိုရပါမည်။ လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးတို့သည် အသွင်ကူးပြောင်းရေးနှင့် တိုက်ရိုက်အချိုးကျနေပါသည်။ ယင်းလုပ်ငန်းစဉ်များတွင် အမျိုးသားရင်ကြားစေ့ရေးသည် မရှိမဖြစ်လိုအပ်ချက် တစ်ရပ်လည်းဖြစ်၏။ **စာမျက်နှာ ၇ သို့** ❑

*** ထိုတိုင်းရင်းသားစည်းလုံးညီညွတ်မှုမရှိခဲ့လျှင် မြန်မာ့လွတ်လပ်ရေး မည်သို့ဖြစ်မည်နည်း။ ပြည်ထောင်စု မြန်မာနိုင်ငံ အနာဂတ် မည်သို့ဖြစ်မည်နည်း။ ထိုမေးခွန်းတို့၏ အဖြေသည် ပင်လုံစာချုပ်ဆိုသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပင် ဖြစ်ပေလိမ့်မည်။**

*** တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်ကြသောနိုင်ငံတွင် ခိုင်မာ၍ရေရှည်တည်တံ့သော ပြည်ထောင်စုအဖြစ် တည်ထောင်ရန်ဆိုပါက တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် သက်ဆိုင်သူများအားလုံးအကြား ထာဝရတည်တံ့သော ငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးဆိုင်ရာ ဘုံသဘောတူညီချက်များအပေါ် အခြေခံရန် လိုအပ်မည်ဖြစ်။**

နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အသစ် ၁၄ ခုကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြု

နေပြည်တော် ဧန်နဝါရီ ၂၇

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလေးခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ အိမ်ရာအဆောက်အအုံကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍ အလိုက် လုပ်ငန်းသစ် ၁၄ ခုကို ခွင့်ပြုခဲ့သည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၉၅ ဒသမ ၂၇၉ သန်းနှင့် ငွေကျပ် ၁၅၃ ဒသမ ၆၈၆ ဘီလီယံ ရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၄၃၇၁ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် ခွင့်ပြုခဲ့သည့် လုပ်ငန်းများတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ ဆောင်ရွက်မည့် ၄၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လေးခုနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Scoular Myanmar Co., Ltd. က ဆောင်ရွက်မည့် တန်ဖိုးမြှင့်ထုတ်လုပ်ထားသော ငါးစာထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း တစ်ခုအပါအဝင် ဝက်မွေးမြူရေးလုပ်ငန်းများလည်း ပါဝင်သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်နှင့်အညီ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ယနေ့ခွင့်ပြုပေးသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများသည် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ တစ်နိုင်ငံလုံးရာနှုန်းပြည့် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေး ဦးတည်ချက်အား အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ခွင့်ပြုပေးခဲ့သည့် နေရောင်ခြည်စွမ်းအင်သုံး (ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်) လုပ်ငန်းသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၂ ရက်တွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပခဲ့သည့် Climate Ambition Summit ၌ ပြောကြားခဲ့သည့် ဗီဒီယိုမိန့်ခွန်းတွင်ပါရှိသည့် လမ်းညွှန်ချက်အရလည်းကောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် (National Determined Contribution–NDC) ကို ဆောင်ရွက်သွားမည့် ရည်မှန်းချက်အရလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၁ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၁၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၅ ဒသမ ၉၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၅၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

သတင်းစဉ်

တတိယအကြိမ် လွှတ်တော်အစည်းအဝေးများတွင် သတင်းရယူခြင်း၊ သတင်းထုတ်ပြန်ခြင်းနှင့် သတင်းမှတ်တမ်းရယူခြင်းအတွက် ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧန်နဝါရီ ၂၇

တတိယအကြိမ် လွှတ်တော်အစည်းအဝေးများတွင် သတင်းရယူခြင်း၊ သတင်းထုတ်ပြန်ခြင်းနှင့် သတင်းမှတ်တမ်းရယူခြင်းအတွက် ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လွှတ်တော်အစည်းအဝေးများ၌ သတင်းရယူခြင်း၊ သတင်းထုတ်ပြန်ခြင်းနှင့် သတင်းမှတ်တမ်းရယူခြင်းတို့တွင် မိမိတို့ နိုင်ငံပိုင်မီဒီယာများ အနေဖြင့် အတွေ့အကြုံများရှိပြီးဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ကျင်းပမည့် တတိယအကြိမ် လွှတ်တော်အစည်းအဝေးများတွင် သတင်းရယူခြင်း၊ ထုတ်ပြန်ခြင်းများကိုလည်း ယခင်အတွေ့အကြုံများအပေါ်မူတည်၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ သတင်းရိုက်ကူးထုတ်လွှင့်မှုများ ချို့ယွင်းမှုမရှိစေရေး၊ သတင်းဓာတ်ပုံများ အရည်အသွေးပိုမိုကောင်းမွန်စွာ ရရှိရေးနှင့် သတင်းများပြည့်ပြည့်စုံစုံနှင့် အမှားအယွင်းကင်းစွာဖော်ပြနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ပပုဂ္ဂလိကမီဒီယာများမှ သတင်းသမားများ လွှတ်တော်သတင်းရယူရေးဆိုင်ရာကိစ္စရပ်များတွင်လည်း လွှတ်တော်မှ တာဝန်ရှိသူများနှင့်ပေါင်းစပ်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဌာနဆိုင်ရာအကြီးအကဲများက မိမိတို့ဌာနအလိုက် သတင်းရယူရေး၊ သတင်းထုတ်ပြန်နိုင်ရေးနှင့် သတင်းမှတ်တမ်းရယူခြင်းအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညနေ ၄ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် The Asia Foundation မှ ဌာနေကိုယ်စားလှယ် Mr. Mark McDowell အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး The Asia Foundation က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Let's Read Program နှင့် Go Digital ASEAN Program တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

❑ စာမျက်နှာ ၆ မှ

အမျိုးသားရင်ကြားစေ့ရေးမရှိပါဘဲ စည်းလုံးမှုတည်ဆောက်ရန် ခက်ခဲပါလိမ့်မည်။

အမျိုးသားရင်ကြားစေ့ရေးသည် အတိတ်ကို ခြေရာကောက်ခြင်းနှင့် အခြေအနေကို ဖန်တီးယူခြင်း ဖြစ်ကြောင်း၊ အမျိုးသားရင်ကြားစေ့ရေးသည် ဖြစ်စဉ်တို့၏ အရင်းခံအကြောင်းတရားများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ယင်းသို့သောဖြစ်စဉ်များ အထပ်ထပ် အဖန်ဖန်ဖြစ်နေခြင်းကို ကာကွယ်ရန်ဖြစ်ကြောင်း၊ စစ်ပွဲအလွန်နိုင်ငံများအနက် တစ်ဝက်သည် တိုက်ခိုက်မှုများအပြီး ပထမဆယ်စုနှစ်အတွင်း ပဋိပက္ခများ ပြန်လည်ဖြစ်ပွားသည်ကိုတွေ့ရသဖြင့် အမျိုးသားရင်ကြားစေ့ရေး မပျက်ပြားစေရေး ကြိုတင်တားဆီးရေးသည် များစွာအရေးပါပါကြောင်း၊ သို့သော်လည်း ရင်ကြားစေ့ရေးသည် ငြိမ်းချမ်းရေးသဘောတူချက်အားလုံးနီးပါး၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သော်လည်း ရင်ကြားစေ့ရေး တိုးတက်ရန် အမှန်တကယ်လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ နားလည်မှုမရှိတတ်ကြကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်က ဆိုပါသည်။

သို့ဖြစ်ရာ မိမိတို့မြန်မာနိုင်ငံတွင်လည်း အသွင်ကူးပြောင်းရေးဆိုင်ရာ တွေးဆစရာ တစ်ခုရှိလာသည်မှာ စည်းလုံးညီညွတ်မှုအတွက် အသွင်ကူးပြောင်းခြင်းလား သို့တည်းမဟုတ် သွေးကွဲမှုအတွက် အသွင်ကူးပြောင်းခြင်းလား သို့တည်းမဟုတ် မည်သည့်ရည်ရွယ်ချက်အတွက် အသွင်ကူးပြောင်းခြင်းလဲဆိုသည့် မေးခွန်းသည် မေးရန်လွယ်သလောက် ဖြေရန်ခက်ခဲနိုင်ပါ၏။

ဗိုလ်ချုပ်အောင်ဆန်း၏
သဘောတရားပါသော လက်တွေ့

မြန်မာနိုင်ငံလွတ်လပ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ ပွဲ့ကိုင်ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့က ဗြိတိသျှနန်းရင်းဝန်အက်တလီနှင့် အမှတ် ၁၀ ဒေါင်းနင်းလမ်းနေအိမ်တွင် တွေ့ဆုံစဉ် **"ကျုပ်တို့ ဗမာပြည်အကြောင်း ပြောကြားတဲ့အခါတိုင်း စည်းလုံးညီညွတ်ပြီး လွတ်လပ်တဲ့ ဗမာပြည်တစ်ပြည်လုံးကို မျက်စိထဲမှာ မြင်ယောင်ပြီး ပြောတာဖြစ်တယ်။ ကျုပ်တို့တစ်ပြည်လုံး စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ရာမှာ ကျွန်ုပ်တို့နိုင်ငံတွင်းမှာရှိတဲ့ လူမျိုးစုအားလုံးကို ပြည်ပယောဂမပါဘဲ လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခွင့်ပေးရင် ကျွန်ုပ်တို့ မကျေပ်လွှားနိုင်တဲ့ အခက်အခဲဆိုလို့ ဘာမျှရှိမည်မဟုတ်ဘူး၊ အားလုံး စည်းလုံးညီညွတ်လာမှာ အမှန်ပါပဲ"** (ဦးဖေခင်၊ ကိုယ်တွေ့ပင်လုံ)။

ယင်းပြောကြားချက်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် မျှော်မှန်းချက်ကို ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အမြော်အမြင်၊ အပြောနှင့် အလုပ်ညီစွာပင် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်မှာ လက်တွေ့ပင်မဟုတ်ပါလား။

ညီညွတ်မှုဖြင့် ပြည်ထောင်စုတည်

ယခုကဲ့သို့ အတိတ်သမိုင်းကြောင်းတို့အားတူးဆွ၍ သာဓကထုတ်ရခြင်းမှာ ပို၍ပို၍ စည်းလုံးညီညွတ်သော နိုင်ငံတော်ကြီးတည်ဆောက်ရေး အထောက်အပံ့ဖြစ်စေလိုရေး ရည်ရွယ်ရင်းဖြစ်ပါ၏။ ယနေ့ ကျင်းပနေဆဲ (၂၁) ရာစုပင်လုံသည် ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေးများကို ရည်ရွယ်၍ တွေ့ဆုံညှိနှိုင်းအဖြေရှာမှုများ အကောင်အထည်ဖော်ခြင်းပင်ဖြစ်သည်။

အမျိုးသားရင်ကြားစေ့ရေးဆိုသည်မှာ မတူကွဲပြားသောလူများနှင့် ကွဲပြားခြားနားသောအရာများအကြား သဟဇာတဖြစ်မှုကို ရှာဖွေခြင်းဟု နားလည်လက်ခံမိပါသည်။ အောင်မြင်သော အမျိုးသားရင်ကြားစေ့ရေးသည် ကြိုတင်သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများမဟုတ်၊ ပညာဥာဏ်နှင့်ယှဉ်သော လမ်းညွှန်ချက်များအပေါ်တွင်သာ မူတည်သည်ဟု မှတ်သားဖူးပါ၏။ မိမိတို့နိုင်ငံကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်သောနိုင်ငံတွင် အရှိတရားဖြစ်သည့် မတူကွဲပြားမှုများကို နားလည်လက်ခံရန်နှင့် သဟဇာတဖြစ်သော ဘုံသဘောတူညီချက်ရှာဖွေနိုင်မှသာ စည်းလုံးညီညွတ်စွာဖြင့် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီး တည်ဆောက်နိုင်မည် ဖြစ်ပေသည်။ ။

■

ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး စာမျက်နှာသစ်ဖွင့်လှစ်ခြင်း

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr. Chen Hai

နှစ်သစ်အချိန်အခါသမယမှာ တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi မြန်မာနိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့ပါသည်။ လက်ရှိတွင် တရုတ်-မြန်မာ ဆက်ဆံရေးသည် ခေတ်ကာလသစ်သို့ ဝင်ရောက်နေပြီး ကမ္ဘာ့ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းသည် အဆင့်သစ်သို့ ဝင်ရောက်နေကာ နိုင်ငံတကာသည်လည်း အခြေအနေသစ်နှင့် ရင်ဆိုင်နေရပါသည်။ ဤအခြေအနေ၌ ယခုလို ခရီးစဉ်လာရောက်ခြင်းသည် အရေးကြီးအဓိပ္ပာယ်ဆောင်နေပါသည်။

(၁) အခင်းအကျင်းသစ် စတင်ဖွင့်လှစ်ခြင်း။ တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi နှစ်သစ်ကူးကာလ၌ ပတ်ဝန်းကျင်နိုင်ငံများသို့ ခရီးစဉ်သွားရောက်ရာတွင် မြန်မာနိုင်ငံကို ပထမဦးဆုံးခရီးစဉ်အဖြစ် ရွေးချယ်ခဲ့ရာ မြန်မာနိုင်ငံ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက်ပိုင်း မြန်မာနိုင်ငံသို့ ပထမဦးဆုံး ခရီးစဉ်လာရောက်သည့် နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာပါသည်။ ယင်းသည် တရုတ်နိုင်ငံ၏ တရုတ်-မြန်မာ ဆက်ဆံရေးအပေါ် များစွာအလေးထားမှုကို ထင်ဟပ်နေပြီး နှစ်သစ်တွင် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်မှုအတွက် အရေးပါတွန်းအားပေးအခန်းကဏ္ဍ၌ ပါဝင်နေပါသည်။

(၂) ခရီးစဉ်သစ် စတင်တက်လှမ်းခြင်း။ ၂၀၂၁ ခုနှစ်သည် တရုတ်နိုင်ငံ "ဆယ့်လေးကြိမ်မြောက် ငါးနှစ်စီမံကိန်း" စတင်သည့်နှစ်ဖြစ်ပြီး မြန်မာနိုင်ငံသည်လည်း အစိုးရသစ် ဖွဲ့စည်းတော့မည်ဖြစ်ရာ တရုတ်-မြန်မာ နှစ်နိုင်ငံလုံးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းသစ်ကို စတင်ခြင်းဖြစ်ပါသည်။ ယခုအကြိမ် ခရီးစဉ်အတွင်း၌ နှစ်ဦးနှစ်ဖက်က ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများ ချိတ်ဆက်၍ နယ်ပယ်စုံ ပူးပေါင်းဆောင်ရွက်မှုကို စူးစမ်းလေ့လာ တွန်းအားပေးကာ အတူတကွ ဖွံ့ဖြိုးတိုးတက်ရေးအား ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အရေးပါအခွင့်အလမ်းများ ထောက်ပံ့ပေးနေ ပါသည်။

(၃) ခွန်အားသစ်များ ဖြည့်တင်းခြင်း။ COVID-19 ကပ်ရောဂါသည် နိုင်ငံအသီးသီး၏ ပြည်သူလူထု ကျန်းမာရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိခိုက်မှုများနှင့် စိန်ခေါ်မှုများ သယ်ဆောင်လာပါသည်။ ကပ်ရောဂါကို ဆောလျင်စွာ အနိုင်ယူပြီး စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးသည် တရုတ်-မြန်မာ နှစ်နိုင်ငံပြည်သူများ၏ အတူတကွ လိုလားတောင့်တ ချက်ပင်ဖြစ်သည်။ Mr. Wang Yi ၏ ယခုအကြိမ် ခရီးစဉ်သည် တရုတ်-မြန်မာ ကပ်ရောဂါတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစွာ မြှင့်တင်ပေးပြီး နှစ်နိုင်ငံ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစွာ အကောင်အထည်ဖော်ဆောင်ရေးကို တွန်းအားပေးကာ နှစ်နိုင်ငံဆက်ဆံရေး အထူးသဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွန်အားသစ်များ ဖြည့်တင်းပေးနေပါသည်။

ခရီးစဉ်အတွင်း Mr. Wang Yi က မြန်မာနိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီး နှစ်ဦးနှစ်ဖက်သည် သမ္မတ Mr. Xi Jinping ၏ သမိုင်းဝင် မြန်မာနိုင်ငံခရီးစဉ် ရလဒ်ကောင်းများအားဖော်ဆောင်ရေး တရုတ်-မြန်မာ ဆက်ဆံရေး တိုးတက်မှုတို့အတွက် အရေးပါသည့် နိုင်ငံရေး သဘောတူညီချက် ၁၂ ချက် ရရှိခဲ့ပါသည်။ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုရလဒ် ရှစ်ခုအား လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ကြေညာခြင်း၊ ကဏ္ဍများစွာ လွှမ်းခြုံပါဝင်ခြင်းတို့ဖြင့် တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုကို အားကောင်းစွာမြှင့်တင်ပေးပြီး နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအား တိုးပွားလာစေပါသည်။

အေးအတူပူအမျှအသိုက်အဝန်း ထူထောင်ရေးအား နက်ရှိုင်းစေမည်။ ယမန်နှစ် ဧနဝါရီလ သမ္မတ Mr. Xi Jinping မြန်မာနိုင်ငံသို့ သမိုင်းဝင် နိုင်ငံတော်ခရီးစဉ် လာရောက်စဉ်က နှစ်နိုင်ငံခေါင်းဆောင်များသည် တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း ထူထောင်ရန် ကြေညာခဲ့ပါသည်။ ရင်းရင်းနှီးနှီး ညှိနှိုင်း

တရုတ်နိုင်ငံက မြန်မာနိုင်ငံကို လှူဒါန်းပေးအပ်သည့် တရုတ်ယွမ်ငွေ သိန်း ၃၀ တန်ဖိုးရှိသော COVID-19 ရောဂါ ကာကွယ်ရေးပစ္စည်းများထဲမှ ပထမဆုံးအသုတ်ဖြစ်သည့် တရုတ်ယွမ်ငွေ နှစ်သိန်း ငါးသောင်း တန်ဖိုးရှိသော ရောဂါ ကာကွယ်ရေးပစ္စည်းများ ဧနဝါရီ ၁၁ ရက်က မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်။

ဆွေးနွေးခြင်းဖြင့် ယခုအကြိမ်တွင် နှစ်ဦးနှစ်ဖက်သည် "တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းထူထောင်ရေးလုပ်ငန်းစီမံချက်" နှင့်စပ်လျဉ်း၍ မူအားဖြင့် သဘောတူညီခဲ့ကြပြီး သင့်လျော်သည့်အချိန်၌ အမြန်ဆုံး လက်မှတ်ရေးထိုးကြမည် ဖြစ်သည်။ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း ထူထောင်ရေးသည် ခိုင်မြဲသောခြေလှမ်းလှမ်းချိန်ခဲ့ပါသည်။

နှစ်သစ်ကူးလက်ဆောင်

ကပ်ရောဂါပူးပေါင်းတိုက်ဖျက်ရေးကို အားကောင်းစွာ ဆောင်ရွက်မည်။ ခရီးစဉ်အတွင်း တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi သည် တရုတ်နိုင်ငံအစိုးရမှ မြန်မာနိုင်ငံသို့ ပထမအသုတ်အနေဖြင့် COVID-19 ရောဂါ ကာကွယ်ဆေး အလုံးသုံးသိန်း လှူဒါန်းမည်ဖြစ်ကြောင်း၊ တရုတ်ကုမ္ဗဏီအား အများပြည်သူ ဆိုင်ရာကုန်ပစ္စည်းစျေးနှုန်းဖြင့် မြန်မာနိုင်ငံနှင့်အတူ ကာကွယ်ဆေး ဝယ်ယူရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် လမ်းညွှန်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ယင်းသည် တရုတ်ပြည်သူများမှ မြန်မာမိတ်ဆွေများသို့ ပေးအပ်သည့် အစစ်မှန်ဆုံးနှင့် လက်တွေ့ကျသည့် နှစ်သစ်ကူးလက်ဆောင် ဖြစ်ပါသည်။ ယခုအကြိမ်တွင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံသို့ ယွမ် သုံးသန်းတန်ဖိုးရှိ COVID-19 ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ ဆေးပစ္စည်းများ လည်း ထပ်မံလှူဒါန်းပါသည်။ ပထမအသုတ် ယွမ် ၂၅၀၀၀ တန်ဖိုးရှိ ပစ္စည်းများသည် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ COVID-19 ကပ်ရောဂါ ဖြစ်ပွားချိန်မှစ၍ တရုတ်နိုင်ငံအစိုးရနှင့် နယ်ပယ်အသီးသီးသည် မြန်မာနိုင်ငံသို့ နှာခေါင်းစည်းအရေအတွက် ခုနစ်သန်းကျော်၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ အစုံရေ လေးသိန်း၊ Test kit အစုံ သုံးသိန်းကျော်၊ အသက်ရှူစက် ၃၅ လုံး၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့သုံးဖွဲ့ စေလွှတ်ခြင်း၊ မြန်မာကျပ်ငွေ သိန်းပေါင်း ၃၇၇၀ လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ပြီး လက်တွေ့ဆောင်ရွက်ချက်များဖြင့် တစ်လေ့တည်းစီး တစ်ခရီးတည်းသွားသော အေးအတူပူအမျှစိတ်ဓာတ်ကို ဖော်ပြခဲ့ပါသည်။ နှစ်ဦးနှစ်ဖက်သည် ကပ်ရောဂါ အတူထိန်းချုပ်တိုက်ဖျက်ရေးလုပ်ငန်းအား နက်ရှိုင်းစွာ ဆောင်ရွက်ရန် သဘောတူညီခဲ့ကြပြီး အရေးကြီးပုဂ္ဂိုလ်များ သွားလာရန် "Fast lane" နှင့် ကုန်စည်သယ်ယူပို့ဆောင်ရန် "အစိမ်းရောင်လမ်းကြောင်း" အား ပြည့်စုံစေမည်ဟု သဘောတူခဲ့ကြသည်။ ဤခရီးစဉ်မတိုင်မီတွင် တရုတ်နိုင်ငံမှ အကူအညီပေးအပ်သည့် မြန်မာနိုင်ငံ ရောဂါထိန်းချုပ်ရေးဗဟိုဌာနနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် လေ့ကျင့်ရေးသင်တန်းကောင်း အကောင်အထည်ဖော်ဆောင်ရေးစီမံကိန်း တရားဝင်စတင်ခဲ့ပါသည်။ မြန်မာ့လယ်ယာထွက်ကုန် စသည့် ပို့ကုန်ပစ္စည်းများ အဆင်ပြေချောမွေ့စွာ နယ်စပ်ဂိတ်ပေါက်ဖြတ်သန်းနိုင်ရန်အတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ် သက်ဆိုင်ရာဌာနသည် အခက်အခဲများကို ကျော်လွှားရန် ၂၄ နာရီ နယ်စပ်ဂိတ် ဖြတ်သန်းရေးအစီအမံကို အကောင်အထည်ဖော်ခဲ့ပါသည်။ တရုတ်-မြန်မာ "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေးသည် ကပ်ရောဂါ ၏စမ်းသပ်မှုကို ခံရပြီးနောက် ထပ်ဆင့်နက်ရှိုင်းလာခဲ့ပါသည်။

ဆက်လက်ကူညီ

လက်တွေ့ကျ ပူးပေါင်းဆောင်ရွက်မှုကို တွန်းအားပေးဖော်ဆောင်မည်။ ဤခရီးစဉ်အတွင်း၌ နှစ်ဦးနှစ်ဖက်က အတူတကွကြိုးပမ်းမှုဖြင့် တရုတ်-မြန်မာ စီးပွားရေးစကြံ့ စာချုပ်အား ထိရောက်စွာဖော်ဆောင်ပြီး ကျောက်ဖြူ အထူးစီးပွားရေးဇုန်၊ ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန် စသည့် မဏ္ဍိုင် သုံးခု စီမံကိန်းများကို အရှိန်အဟုန်မြှင့် ဖော်ဆောင်ရန် သဘောတူညီခဲ့ကာ "တရုတ်-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် ငါးနှစ် ဖွံ့ဖြိုးမှုအစီအစဉ်"၊ "တရုတ်-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာစာချုပ်" နှင့် "မန္တလေး-ကျောက်ဖြူ ရထားလမ်းစီမံကိန်း ဖြစ်နိုင်ခြေ လေ့လာမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ" တို့ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ တရုတ်နိုင်ငံက တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် နှစ်ဦးနှစ်ဖက် အပြန်အလှန်ချိတ်ဆက်သည့် အဆင့်အတန်းကို တိုးမြှင့်ကာ တရုတ်-မြန်မာ ကုန်သွယ်ရေး အသွားအလာကို တိုးချဲ့ပြီး မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်း အဆင့်အတန်းကို ကူညီမြှင့်တင်၍ ပြည်သူများ လုပ်ငန်းခွင်ဝင်မှုကို တိုးမြှင့်သွားကာ မြင်နိုင်၊ တွေ့နိုင်သည့်ရလဒ်ဖြင့် မြန်မာနိုင်ငံအစိုးရအသစ်၏ စီးပွားရေး ပြန်လည်နိုးထရေးနှင့် အများပြည်သူလူနေမှုဘဝ ကောင်းမွန်လာရေးကို ထောက်ခံအားပေးကူညီသွားဖို့ မျှော်လင့်ပါသည်။ တရုတ်နိုင်ငံက ယခုအကြိမ်တွင်လည်း ကွမ်းလုံတံတား၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွက် လှူဒါန်းမှုနှင့် ကချင်ပြည်နယ် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးစီမံကိန်း စသည့် စီမံကိန်းများအပါအဝင် ထောက်ပံ့ကူညီရေးစီမံကိန်းများစွာလည်း ဖော်ဆောင်ခဲ့ပါသည်။ ခရီးစဉ်မတိုင်မီ တရုတ်နိုင်ငံကထောက်ပံ့သည့် အတိုးမဲ့ချေးငွေဖြင့် ဝယ်ယူသည့် ရထားတွဲများကိုလည်း အောင်မြင်စွာ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ မြန်မာနိုင်ငံ သုဝဏ္ဏ အားကစားကွင်းနှင့် အမျိုးသားဇာတ်ရုံ (ရန်ကုန်) အဆင့်မြှင့်တင်တည်ဆောက်ရေး စသည့် စီမံကိန်းများ သည်လည်း ကပ်ရောဂါအခက်အခဲကို ကျော်ဖြတ်ကာ အချိန်မီ ဖော်ဆောင်ခဲ့ပါသည်။ တရုတ်နိုင်ငံကလည်း မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီသွားကာ အများပြည်သူကို ဆောလျင်စွာနှင့် များပြားစွာ အကျိုးခံစားရရှိစေမည်ဖြစ်ပါသည်။

စာမျက်နှာ ၉ သို့ ❖

☆ တရုတ်နိုင်ငံက မြန်မာနိုင်ငံအစိုးရသစ်အုပ်ချုပ်ရေး၊ "ပင်လုံစိတ်ဓာတ်" ကို အရင်းခံသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တွန်းအားပေးရေး၊ မြန်မာနိုင်ငံက ရခိုင်ပြည်နယ်အရေးကိစ္စကို သင့်လျော်စွာ ဖြေရှင်းရေးတို့ကို ထောက်ခံအားပေးမည်။

☆ နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက် တရုတ်နိုင်ငံက ဆက်လက်ရပ်တည်ကာကွယ်ပေးသွားမည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး နိုင်ငံတကာ The Victims of the Holocaust အမှတ်တရနေ့အခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၇
ပညာရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂနှင့် အစ္စရေးသံရုံးတို့ ပူးပေါင်း၍ နိုင်ငံတကာ The Victims of the Holocaust အမှတ်တရနေ့အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အရေးကြီး

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနကိုယ်စား Holocaust ဒဏ်ခံစားခဲ့ရသူများအတွက် အထူးဝမ်းနည်းကြောင်း၊ ၂၀၀၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးက Holocaust ဒဏ်ခံစားခဲ့ရသူများအတွက် နိုင်ငံတကာ Holocaust အမှတ်တရနေ့အခမ်းအနားများကို ကျင်းပကြရန် ဆုံးဖြတ်တိုက်တွန်းခဲ့ပါကြောင်း၊ နိုင်ငံတကာ Holocaust အောက်မေ့ဖွယ်နေ့ အခမ်းအနားများတွင် ကမ္ဘာ့နိုင်ငံများက ဒုတိယကမ္ဘာစစ်အတွင်း နာဇီများ၏ ညှဉ်းပန်းနှိပ်စက်မှုကြောင့် ဂျူးလူမျိုး ခြောက်သန်းနှင့် အခြားလူမျိုးများ သေဆုံးခဲ့ရမှုအကြောင်းကို ထည့်သွင်းပြောဆိုခဲ့ကြပါကြောင်း၊ အတွေ့အကြုံများအရ နာဇီများက ဂျူးလူမျိုးများကို မျိုးတုံးသတ်ဖြတ်ခဲ့သည့် ကြေကွဲဝမ်းနည်းဖွယ်ဖြစ်ရပ်မျိုး ထပ်မံမဖြစ်ပွားစေရေးနှင့် တားဆီးကာကွယ်နိုင်ရေးအတွက် ကျောင်းသားများ၏ စိတ်တွင်စွဲမြဲသွားစေရန်ရည်ရွယ်ကာ ပညာရေးသင်ခန်းစာများ ပို့ချပေးရန် အရေးကြီးပါကြောင်း။

ယခုနှစ် ၂၀၂၁ ခုနှစ်အတွက် ခေါင်းစဉ်မှာ "Facing the Aftermath: Recovery and Reconstitution after the Holocaust" ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂက သတ်မှတ်ပေးထားသော အဆိုပါခေါင်းစဉ်သည် Holocaust ဒဏ်ခံစားခဲ့ရသူများနှင့် အသက်ရှင် ကျန်ရစ်သူများအတွက် Holocaust ၏ သမိုင်းဝင်ဖြစ်ရပ်မှတ်တမ်းများကို စိတ်တွင်စွဲထင်စေရန် လိုအပ်ပုံကို သတိပေးနေပါကြောင်း၊ Holocaust နှင့်ပတ်သက်သော ဗဟုသုတများကို လူငယ်များအား အသိပညာမျှဝေပေးခြင်း၊ သင်ကြားပေးခြင်းတို့ဖြင့် အတိတ်သမိုင်းကို ပိုမိုနားလည်လာစေပြီး သတင်းမှားများနှင့် အမုန်းစကားများဖြင့် လူမျိုးခွဲခြားဆန့်ကျင်ရေး စိတ်ဓာတ်နှင့် ကြောက်ရွံ့စိတ်များဖြစ်ပေါ်အောင် လှုံ့ဆော်နေမှုများကို ပြည်သူများ ပိုမိုသိရှိနားလည်လာစေမည် ဖြစ်ပါကြောင်း၊ Holocaust အောက်မေ့ဖွယ် အခမ်းအနားများသည် အတိတ်နှင့်အနာဂတ်ကို ချိတ်ဆက်ပေးရာရောက်ပါကြောင်း၊ အထူးအားဖြင့် အနာဂတ်တွင် ဤဖြစ်ရပ်မျိုး ထပ်မံမပေါ်ပေါက်စေရေးအတွက် တားဆီးရန် လိုအပ်သကဲ့သို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်ကို အတူတကွ ပူးပေါင်းဆောင်ရွက်ရန် သတိပေးနေပါကြောင်း။

နှစ်စဉ်ကျင်းပလျက်

မြန်မာနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်မှစတင်၍ Holocaust အောက်မေ့ဖွယ်နေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်တို့နှင့် ကုလသမဂ္ဂ ပြန်ကြားရေးဌာနတို့တွင် Holocaust အောက်မေ့ဖွယ်နေ့ အခမ်းအနားများကို အစ္စရေးသံရုံးနှင့် ပူးပေါင်းကျင်းပလျက်ရှိပါကြောင်း၊ ဤအခမ်းအနားများသည် အတိတ်က ကြောက်မက်ဖွယ်ကာလများကို သိမြင်နားလည်အောင် ပညာပေးနိုင်သကဲ့သို့ ကွဲပြားခြားနားသော လူမျိုး၊ ဘာသာ၊ တိုင်းပြည်များအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် ချစ်ခင်မှုတို့ လိုအပ်ပုံကို သိမြင်စေပါကြောင်း၊ လူမျိုးခွဲခြားဆန့်ကျင်ရေး ဝါဒကို လုံးဝသည်းခံခွင့်လွတ်၍ မရသောအရာအဖြစ် လူ့အခွင့်အရေးနှင့် ကမ္ဘာ့လူသားကောင်း စိတ်ဓာတ်တို့ဖြင့် ပြန်လည်ချေဖျက်ရမည်ဖြစ်ပါကြောင်း၊ ဤသည်မှာ ချက်ချင်း အကောင်အထည်ဖော်ရမည် ဖြစ်သကဲ့သို့ ရေရှည် ဆောင်ရွက်ရမည့် ပညာရေးဆိုင်ရာလုပ်ငန်းတာဝန်လည်း ဖြစ်ပါကြောင်း၊ ယခုနှစ်တွင် Holocaust အောက်မေ့ဖွယ် အခမ်းအနားကို ပုံစံနှစ်ရပ်ဖြင့် ကျင်းပပါကြောင်း၊ ပညာရေးဝန်ကြီးဌာနမှ တက္ကသိုလ်ကျောင်းသားများနှင့် ဆရာများအား Holocaust ဆိုင်ရာ ဆွေးနွေးပို့ချချက်ပုံစံနှင့်အတူ ကိုဗစ်ကာလစည်းမျည်းစည်းကမ်းများကို လိုက်နာလျက် အထိမ်းအမှတ်အခမ်းအနားပုံစံဖြင့်လည်း ကျင်းပပါကြောင်း ပြောကြားသည်။

သဝဏ်လွှာကို ဗီဒီယိုဖြင့် ပြသ

ထို့နောက် United Nations Resident & Humanitarian Coordinator in Myanmar မှ Mr. Ola Almgren က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီရို ဂူတာရက်၏ သဝဏ်လွှာကို ဗီဒီယိုဖြင့် ပြသသည်။

ယင်းနောက် အစ္စရေးသံအမတ်ကြီး မစ္စတာ ရိုနယ် ဘီလာ၊ ဂျာမနီသံအမတ်ကြီး မစ္စတာ သောမက်စ် ကာလ်နိုင်ဇင်ကာ၊ ရုရှားနိုင်ငံသံအမတ် မစ္စတာ နီကိုလိုင်း လစ်တိုပါဒေါ်ပ်နှင့် UNICEF မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Ms. June Kunugi တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ United Nations Resident & Humanitarian Coordinator in Myanmar၊ UNICEF မြန်မာ၏ ဌာနေကိုယ်စားလှယ်၊ သံအမတ်ကြီးများနှင့် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်တို့က အထိမ်းအမှတ် ဖယောင်းတိုင်မီးထွန်းညှိခဲ့ကြပြီး ဗီဒီယိုမှတ်တမ်းပြသခြင်း၊ အမှတ်တရသီချင်း တီးခတ်ခြင်းများ ဆောင်ရွက်ကာ အခမ်းအနားကို ရှုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးစတင်ထိုးနှံ နေပြည်တော်ရှိ ကာကွယ်ဆေးထိုးစုရပ်များသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သွားရောက်ကြည့်ရှု

နေပြည်တော် ဇန်နဝါရီ ၂၇
နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ကျန်းမာရေးဝန်ထမ်းများကို ယနေ့နံနက် ၈ နာရီမှစတင်၍ ကိုဗစ်-၁၉ ကာကွယ်ဆေးများ စတင်ထိုးနှံပေးလျက်ရှိသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမဆောင် (၂) ရှိ ကာကွယ်ဆေးထိုးစုရပ်နှင့် သားဖွားသင်တန်းကျောင်း၊ ကာကွယ်ဆေးထိုးစုရပ်တို့သို့ သွားရောက်ခဲ့ကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများ ဆောင်ရွက်နေမှုများအား ကြည့်ရှုသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမဆုံးထိုးနှံမှုအဖြစ် နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ အထက်တန်းသူနာပြု ဒေါ်အေးမူမူအား ယနေ့ နံနက် ၈ နာရီတွင် ထိုးနှံပေးခဲ့သည်။

ယနေ့ညနေအထိ စာရင်းများအရ ကျန်းမာရေးဝန်ထမ်း ၃၀၅၅၁ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီး ကျန်ရှိနေသော ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို လာမည့်ရက်များတွင် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ **စာမျက်နှာ ၈ မှ**

နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ကူညီရေးနှင့် အတူတကွ တာဝန်ထမ်းဆောင်မည်။ တရုတ်-မြန်မာ နှစ်ဦးနှစ်ဖက်က ကုလသမဂ္ဂ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၊ အရှေ့အာရှ ပူးပေါင်းဆောင်ရွက်ရေး စသည့် နိုင်ငံတကာမျက်နှာစာတွင် အမြတစေ အပြန်အလှန်ထောက်ခံအားပေးကြပါသည်။ မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်က နိုင်ငံတော်အချုပ်အခြာအာဏာနှင့် အမျိုးသားဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တွန်းအားပေးခြင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု တိုးမြှင့်ရေးတို့ကို အဓိကထား ဖော်ဆောင်လျက်ရှိပါသည်။ ခရီးစဉ်အတွင်း၌ တရုတ်နိုင်ငံတော်ကောင်စီဝင်၊ နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi က တရုတ်နိုင်ငံက မြန်မာနိုင်ငံအား ချစ်ကြည်ရင်းနှီးသည့် မူဝါဒကို အမြဲတစေလက်ကိုင်စွဲ၍ မြန်မာနိုင်ငံ အစိုးရ အသစ် အုပ်ချုပ်ရေး၊ မြန်မာနိုင်ငံက "ပင်လုံစိတ်ဓာတ်" ကို ဆက်လက်အရင်းခံ၍ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တွန်းအားပေးရေး၊ မြန်မာနိုင်ငံက ရခိုင်ပြည်နယ် အရေးကိစ္စကို သင့်လျော်စွာဖြေရှင်းရေးတို့ကို ထောက်ခံအားပေးကာ နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် ထောက်ခံအားပေး၍ မြန်မာနိုင်ငံ၏ လုပ်ပိုင်ခွင့်များကို ဆက်လက်ကာကွယ်ပေးသွားမည်ဟု ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံက တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) ကို အမြဲတစေ ထောက်ခံရပ်တည်ကာ တရုတ်နိုင်ငံ၏ ထိုင်ဝမ်၊ တိဘက်၊ ရှင်းကျန်း အရေးကိစ္စများ၌ ရပ်တည်ချက်ကို ဆက်လက်ထောက်ခံအားပေးသွားမည်ဟု အလေးထားပြောကြားခဲ့ပါသည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်ကို အတူတကွ အသိုင်းပြုသူနှင့် ဖော်ဆောင်သူ အနေဖြင့် တရုတ်-မြန်မာ နှစ်ဦးနှစ်ဖက်က တစ်ကိုယ်တော်ဝါဒ (Unilateralism) နှင့် ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒ (Protectionism) ကို ဆက်လက်ကန့်ကွက်သွားပြီး တရုတ်-အာဆီယံ ဆက်ဆံရေး အဆင့်မြှင့်တင်ရေး၊ "ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) စာချုပ်" ဆောလျင်စွာ အသက်ဝင်ရေး၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု တစ်ဆင့်တိုး နက်ရှိုင်းရေးတို့ကို တွန်းအားပေးကာ ဒေသတွင်းနှင့် ကမ္ဘာတည်ငြိမ်အေးချမ်းမှုနှင့် စည်ပင်သာယာမှုအတွက် အကျိုးထမ်းဆောင်သွားမည် ဖြစ်ပါသည်။

လွန်ခဲ့သည့်နှစ်က တရုတ်-မြန်မာ နှစ်နိုင်ငံက COVID-19 ကပ်ရောဂါထိခိုက်မှုကို ကျော်ဖြတ်ကာ ယဉ်ကျေးမှု ကူးလူးဖလှယ်ရေးလှုပ်ရှားမှုများ လုပ်ဆောင်ခဲ့ပါသည်။ တရုတ်နိုင်ငံက ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ထိန်းသိမ်းထားသော "ငဘ" ရုပ်ရှင်ဇာတ်ကားကို မြန်မာနိုင်ငံထံ လွှဲပြောင်းပေးအပ်ခဲ့ကာ မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်အတွက် အထိမ်းအမှတ်ကောင်းဖြစ်ခဲ့ပြီး "ပျော်ရွှင်မှုရှာပုံတော်"၊ "ပေးဆပ်သူတို့ နှလုံးသား" စသည့် တရုတ်ရုပ်သံဇာတ်လမ်းတွဲများစွာကိုလည်း မြန်မာပြည်သူများအတွက် တင်ဆက်ပြသခဲ့ပါသည်။ ယခုအကြိမ် ခရီးစဉ်အတွင်း၌ နှစ်ဦးနှစ်ဖက်က တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးထူထောင်ခြင်း နှစ် (၇၀) ပြည့် အထိမ်းအမှတ်အခမ်းအနားများနှင့် တရုတ်-မြန်မာ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ် သက်ဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၁ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်သွားရန် ဆွေးနွေးသဘောတူခဲ့ပါသည်။ ယင်းက နှစ်နိုင်ငံ လူမှုဆက်ဆံရေးနှင့် ပြည်သူများ စိတ်နှလုံးချင်းဆက်နွယ်မှုကို တိုးမြှင့်ပေးကာ တရုတ်-မြန်မာဆက်ဆံရေး တိုးတက်မှုအတွက် ပြည်သူ့ဆန္ဒကို ခိုင်မာစွာ အုတ်မြစ်ချပေးသွားမည် ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်မှာ တရုတ်နိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ နှစ် (၁၀၀) ပြည့်မည်ဖြစ်ပြီး ဆိုရှယ်လစ်ဝါဒ ခေတ်မီနိုင်ငံတော် ဘက်စုံတည်ဆောက်ရေး ခရီးစဉ်သစ်ကို စတင်တော့မှာ ဖြစ်ပါသည်။ မြန်မာနိုင်ငံအစိုးရသစ် ဖွဲ့စည်းတော့မည့်အချိန်အခါတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်အသစ်ကို ဆက်လက်တွန်းအားပေး ဖော်ဆောင်သွားမည် ဖြစ်ပါသည်။ ယခုနှစ်သည်လည်း တရုတ်နိုင်ငံသမ္မတ Mr. Xi Jinping သမိုင်းဝင် မြန်မာနိုင်ငံခရီးစဉ် တစ်နှစ်ပြည့် ဖြစ်ပါသည်။ နိုင်ငံတော်ကောင်စီဝင် Mr. Wang Yi ခရီးစဉ်အတွင်း၌ နှစ်ဦးနှစ်ဖက်က ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးသည့် တူညီသောရပ်တည်ချက်ကို ပြတ်သားစွာ ထပ်မံဖော်ထုတ်ပြောကြားခဲ့ပါသည်။ မိမိတို့က မြန်မာနိုင်ငံနှင့်အတူကြိုးပမ်း၍ နိုင်ငံရေးအရ အပြန်အလှန်ယုံကြည်မှုကို တိုးမြှင့်ကာ ရောဂါတိုက်ဖျက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေပြီး နိုင်ငံတကာနှင့် ဒေသတွင်းလုပ်ငန်းညှိနှိုင်းမှုကို မြှင့်တင်ခြင်းဖြင့် "တစ်မြစ်တွင်းမှ ကြည်စွ ဒီရေ အတူသောက်သုံး" ဟူသည့် အစဉ်အလာ ဆွေမျိုး ပေါက်ဖော်ချစ်ကြည်ရေးကို တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေးတွင် အဆင့်မြှင့်တင်ပြီး တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု လမ်းမကြီးကို ပိုမိုကျယ်ပြန့်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ပေသည်။ ။

(ဤဆောင်းပါးတွင် ဖော်ပြချက်များသည် ဆောင်းပါးရှင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး၏ အာဘော်သာ ဖြစ်ပါသည်။)

ကိုဗစ်ကာကွယ်ဆေး ထိုးခြင်းအားဖြင့် တိုင်းပြည်စီးပွားရေးရော ပညာရေးရော အစစအရာရာ ပြန်ပြီး ကောင်းလာမယ်၊ လူတိုင်း ထိုးသင့်တယ်လို့ အကြံပေးချင်ပါတယ်

ဒေါက်တာမျိုးသက်တင်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ယနေ့ နံနက်ပိုင်းမှစတင်ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွင်းရှိ သူနာပြုသင်တန်းကျောင်းခန်းမတွင် ထိုးနှံပေးလျက်ရှိသည်။ ထို့အတူ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(သုဝဏ္ဏ) ဧရာဝတီစင်တာတွင်လည်း တာဝန်ထမ်းဆောင်နေကြသည့် ဆရာဝန်၊ ဆရာမ၊ သူနာပြုနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်ကာကွယ်ဆေးထိုးကြသည့် ဆရာဝန်၊ ဆရာမ၊ သူနာပြုနှင့် စေတနာ့ဝန်ထမ်းများ၊ ကာကွယ်ဆေးထိုးနှံနိုင်ရန် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည့် ဧရာဝတီစင်တာမှ တာဝန်ရှိသူတို့အား တွေ့ဆုံမေးမြန်းထားသည်တို့ကို ဖော်ပြလိုက်ရပါသည်-

ဆရာမကြီး ဒေါ်သက်သက်သိန်း
သူနာပြုအုပ်
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ကျွန်မတို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ကျွန်မက ပထမဆုံး ကာကွယ်ဆေးထိုးခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ ကာကွယ်ဆေးထိုးဖို့အတွက် စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေ အားလုံးကိုလည်း ကျေးဇူး အများကြီးတင်ပါတယ်။ ကာကွယ်ဆေးထိုးခံဖို့အတွက် စိတ်ထဲမှာ စိုးရိမ်စိတ်မဖြစ်ခဲ့ပါဘူး။ ဆေးထိုးပြီးတဲ့ အချိန်မှာလည်း ဘာမှမဖြစ်ပါဘူး။ ကိုဗစ်-၁၉ ရောဂါ ဒီထက်ပိုပြီး ဆိုးရွားမလာအောင် ကာကွယ်ဆေးက ထိုးသင့်ပါတယ်။

ဒေါက်တာမျိုးသက်တင်
ရောဂါဗေဒဌာန ပါမောက္ခ
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ကျွန်တော်တို့ဌာနကို ကာကွယ်ဆေးထိုးမယ့် စာရင်းတွေတောင်းပါတယ်။ ကျွန်တော်တို့ တစ်ဌာနလုံး ကိုယ်ဝန်ဆောင်မိခင်ရယ်၊ နို့တိုက်မိခင်ရယ်ကလွဲပြီး ကျန်တဲ့သူတွေထိုးဖို့ စာရင်းပေးကြတယ်။ ဌာနမှာ လူဦးရေ ၈၀ ကျော်ရှိတယ်။ ကိုယ်ဝန်ဆောင်နဲ့ နို့တိုက်မိခင် ဖယ်လိုက်ရင် ကာကွယ်ဆေးထိုးဖို့ ၇၉ ဦး ရှိပါတယ်။ ကာကွယ်ဆေးထိုးရတဲ့အပေါ် စိုးရိမ်စိတ် မဖြစ်ပါဘူး။ ကာကွယ်ဆေးက ထိုးမှပဲ အဆင်ပြေမှာဖြစ်ပါတယ်။ ကပ်ရောဂါကြီးရှိနေရင် ဟိုဟာမလုပ်ရဲ ဒီဟာ မလုပ်ရဲနဲ့ဆိုရင် စီးပွားရေးတွေလည်း ကျလာမယ်။ အခုဆို ပညာရေးလည်း နောင့်နေးနေတယ်။ ကိုဗစ်ကာကွယ်ဆေးထိုးခြင်းအားဖြင့် ပညာရေးလည်း ပြန်ကောင်းလာမယ်။ ကျောင်းတွေ ပြန်ဖွင့်လာနိုင်မယ်။ စီးပွားရေးတွေလည်း ပုံမှန်လည်ပတ်သွားနိုင်မယ်။ တိုင်းပြည်စီးပွားရေးရော၊ ပညာရေးရော အစစအရာရာ ပြန်ပြီးကောင်းလာမယ်။ လူတိုင်း ထိုးသင့်တယ်လို့ အကြံပေးချင်ပါတယ်။

ဒေါက်တာကြည်ဇြိမ်းချမ်းကျော်
ဦးနှောက်နှင့် အာရုံကြောအထူးကုဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ကာကွယ်ဆေး ရတယ်ဆိုတော့ ဝမ်းသာတယ်။ ကာကွယ်ဆေးကလည်း ထိုးဖို့လိုအပ်တယ်။ မြန်မာနိုင်ငံက တခြားနိုင်ငံတွေထက်စောပြီး ကာကွယ်ဆေးရတယ်။ ကျန်းမာရေးအကုန်လုံး ထိုးသင့်ပါတယ်။ ကာကွယ်ဆေး ထိုးပြီးရင်လည်း နောက်ပိုင်းမှာ ဂရုစိုက်ဖို့ လိုပါတယ်။ ဗိုင်းရပ်စ်ပိုးဖြစ်တဲ့အတွက် အားလုံး မပျော်ဆသင့်ပါဘူး။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို ဆက်လက်လိုက်နာရမှာ ဖြစ်ပါတယ်။

ဆရာမကြီး ဒေါ်သက်သက်သိန်း

ဒေါက်တာမျိုးသက်တင်

ဒေါက်တာကြည်ဇြိမ်းချမ်းကျော်

ဒေါက်တာခင်ခင်ညို

ကိုဇြိမ်းချမ်းစိုး

ဒေါ်စိုးယုနန္ဒာ

ဦးဇော်ဇော်

ဒေါက်တာခင်ခင်ညို
အထူးကုဆရာဝန်ကြီး
အဏုဇီဝဗေဒဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ဌာနက ကာကွယ်ဆေးထိုးဖို့စာရင်းကောက်တဲ့အခါ စာရင်းပေးလိုက်တယ်။ ကာကွယ်ဆေးထိုးပြီးတဲ့အခါတော့ မနာပါဘူး။ လက္ခဏာတွေ ဘာတွေမပြပါဘူး။ ဒီကာကွယ်ဆေးကတော့ အခုတစ်ကြိမ်ရယ်၊ နောက်တစ်ကြိမ်ရယ် နှစ်ကြိမ်ထိုးရမှာ ဖြစ်ပါတယ်။ နှစ်ကြိမ်ထိုးပြီးရင် ခုခံနိုင်တဲ့ စွမ်းအားထွက်လာလိမ့်မယ်။ ကိုယ့်အတွက်အကျိုးရှိတယ်။ ပြည်သူတွေလည်း မကူးစက်နိုင်တော့ဘူး။ တော်တော်များများ ခုခံနိုင်တဲ့ စွမ်းအားရတယ်။

ကိုဇြိမ်းချမ်းစိုး
စေတနာ့ဝန်ထမ်း
ကိုဗစ်-၁၉ ရောဂါကုသရေးဌာန
(သုဝဏ္ဏ) ဧရာဝတီစင်တာ

ဒီအချိန်မှာ ကျန်းမာရေးဝန်ထမ်းတွေနဲ့ စေတနာရှင်လုပ်အားပေးသူတွေ ကာကွယ်ဆေး စတင်ထိုးရတဲ့အတွက် စိတ်လှုပ်ရှားမှုတော့ရှိတယ်။ ဒီဆေးတွေ တစ်ခါမှမထိုးဖူးဘူး။ ကာကွယ်ဆေး ထိုးတဲ့အချိန်မှာ နာကျင်ခြင်းက ခဏပါပဲ။ ကာကွယ်ဆေးထိုးပြီးချိန်မှာတော့ ခန္ဓာကိုယ်က ရှိန်းတိန်းတိန်း ဖြစ်မိတယ်။ ခန္ဓာကိုယ် ထူတာ ပူတာလည်း မရှိပါဘူး။ ကာကွယ်ဆေး ထိုးပြီးသွားလို့ ကာကွယ်ဆေးက ကျွန်တော်တို့အတွက် အသုံးတည့်မယ် ဆိုရင်တော့ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးမှာ ပိုလှုပ်ရှားလို့ရတာပေါ့။

ဒေါ်စိုးယုနန္ဒာ
သူနာပြုဆရာမ
ကိုဗစ်-၁၉ ရောဂါကုသရေးဌာန
(သုဝဏ္ဏ) ဧရာဝတီစင်တာ

အသက် ၂၂နှစ်ရှိပါပြီ။ ကျွန်မက ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (သုဝဏ္ဏ) ဧရာဝတီစင်တာမှာ စေတနာ့ဝန်ထမ်းအနေနဲ့ လုပ်အားလာပေးနေတာပါ။ ဒီစင်တာမှာ တာဝန်ထမ်းဆောင်တာ အခုလ ၂၄ ရက်နေ့က တစ်လပြည့်သွားပါပြီ။ ကာကွယ်ဆေးမထိုးခင်အချိန်ကတော့ နည်းနည်းတော့ စိုးရိမ်စိတ်ဖြစ်မိတယ်။ ထိုးပြီးတော့လည်း အခုချိန်ထိ ဘယ်လိုမှ မဖြစ်သေးဘူး။ အခုလို ကျန်းမာရေးဝန်ထမ်းတွေကို ဦးစားပေးထိုးပေးတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ကာကွယ်ဆေးကို ယုံယုံကြည်ကြည်နဲ့ ထိုးစေချင်ပါတယ်။ ဘာမှလည်း မဖြစ်ပါဘူး။

ဦးဇော်ဇော်
ဧရာဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ

အဓိက ကာကွယ်ဆေးထိုးဖို့ နိုင်ငံတော်က ဦးဆောင်ပြီးတော့ ပြည်သူပြည်သားတွေအတွက် စီစဉ်ပေးတဲ့အစီအစဉ် ဖြစ်ပါတယ်။ စင်တာဖွင့်တာ အခုဆိုရင် ၅ လလောက်ရှိပြီ။ ဆရာဝန်၊ ဆရာမတွေ၊ သူနာပြုတွေ စေတနာ့ဝန်ထမ်းတွေလည်း ပင်ပန်းနေကြပါပြီ။ သူတို့က တကယ်လုပ်ငန်းခွင်ထဲမှာ လုပ်နေရတယ်။ သူတို့ကို ဦးစားပေးပြီးတော့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ကာကွယ်ဆေးထိုးနှံပေးတာပါ။ ကျွန်တော်တို့ အနေနဲ့ နေရာနဲ့ တခြားလိုအပ်တာတွေ ဖြည့်ဆည်းပေးပါတယ်။ နောက်ပြီး အလှူရှင်တွေ စုပေးပါတယ်။ ဒီနေ့လည်း ဒီမှာ သူနာပြု ဆရာမလေးတွေကစပြီး ကာကွယ်ဆေးထိုးပေးနေတယ်။ ကျွန်တော့် အနေနဲ့ကတော့ နိုင်ငံတော်ကနေ စနစ်တကျ ဦးဆောင်ပြီး လုပ်ပေးတဲ့အတွက်အထူးကျေးဇူးတင်ပါတယ်။ ဒီစင်တာမှာ ဆရာဝန်၊ ဆရာမ၊ သူနာပြု၊ စေတနာ့ဝန်ထမ်း ၂၀၀ ကို စတင် ကာကွယ်ဆေးထိုးနှံပေးသွားမှာဖြစ်ပါတယ်။ တစ်နေ့ ၂၀၀ ထိုးနှံပေးသွားပြီး နိုင်ငံတော်က ဆောင်ရွက်တဲ့ စီမံချက်အတိုင်း ပါဝင်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

တွေ့ဆုံမေးမြန်း - မင်းသစ် (MNA)
ဓာတ်ပုံ - ဇော်မင်းလတ်

❖ ကျောဖုံးမှ

Mask တပ်ခြင်း၊ လက်ဆေးခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေခြင်းများ ဆက်လက်ဆောင်ရွက်နေရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး၀န်ကြီးချုပ်နှင့် တာ၀န်ရှိသူများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို လှည့်လည်ကြည့်ရှုပြီး ကာကွယ်ဆေးထိုးနှံကြသည့် ကျန်းမာရေး၀န်ထမ်းများကို ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

စတင်ထိုးနှံခြင်းအခမ်းအနား

ထို့အတူ ကိုဗစ်-၁၉ ကုသရေးစင်တာများတွင် တာ၀န်ထမ်းဆောင်နေကြသည့် ကျန်းမာရေး၀န်ထမ်းများနှင့် စေတနာရှင်လုပ်အားပေးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (သုဝဏ္ဏ) ဧရာ၀တီစင်တာတွင် ပြုလုပ်သည်။

အခမ်းအနားတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေ၀ယ်ယူနိုင်ရန်အတွက် အလှူရှင်များက ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်ထံ အလှူငွေများ ပေးအပ်လှူဒါန်းပြီး ဒေါက်တာထွန်းမြင့်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒေါက်တာထွန်းမြင့်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားပြီး ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများတွင် တာ၀န်ထမ်းဆောင်နေကြသည့် ကျန်းမာရေး၀န်ထမ်းများနှင့် စေတနာရှင်လုပ်အားပေးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုကို လှည့်လည်ကြည့်ရှု အားပေးစကား ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကျန်းမာရေး၀န်ထမ်း ၂၅၀၀၀ ကျော်ရှိပြီး ယနေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သူနာပြုသင်တန်းကျောင်းခန်းမတွင် ကျန်းမာရေး၀န်ထမ်း ၂၀၀ နှင့် ကိုဗစ်-၁၉ ရောဂါကုသရေးဌာန (သုဝဏ္ဏ) ဧရာ၀တီစင်တာတွင် ကျန်းမာရေး၀န်ထမ်းနှင့် စေတနာရှင်လုပ်အားပေး ၂၀၀ တို့ကို ကိုဗစ်ကာကွယ်ဆေး ကနဦး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

သတင်း - မင်းသစ်(MNA)
ဓာတ်ပုံ - ဇော်မင်းလတ်

❒ ကိုဗစ်-၁၉ ရောဂါမှ

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပထမဆုံး ကျန်းမာရေး၀န်ထမ်းတွေ စပြီး ထိုးခွင့်ရတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က မုဒိတာပွားပါတယ်။ ကိုဗစ်-၁၉ ရောဂါက တစ်ကမ္ဘာလုံးအတွက် အသစ်အဆန်းပါ။ ပထမဦးစားပေးက ကျန်းမာရေး၀န်ထမ်းတွေပါ။ ကာကွယ်ဆေး ထိုးပြီးရင်လည်း သိပ်ပြီးတော့ အတင့်မရဲကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။ ဒုတိယအကြိမ် ကာကွယ်ဆေးမထိုးခင် အထိတော့ အနေအထိုင်ဆင်ခြင်ရမယ်လို့ သဘောပေါက်ပါတယ်။ စီးပွားရေး နာလန်ပြန်ထဖို့ဆိုရင် ကာကွယ်ဆေးက အရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံ ကာကွယ်ဆေးရတာ စောပါတယ်။ ကာကွယ်ဆေးထိုးပြီးပြီဆိုရင် တတ်နိုင်သမျှ ပြည်သူကို ပြန်စောင့်ရှောက်ပေးကြဖို့ မေတ္တာရပ်ခံ လိုပါတယ် "ဟု မန္တလေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၀န်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောသည်။

ယနေ့ရောက်ရှိလာသော ကာကွယ်ဆေးများကို မန္တလေးတိုင်းဒေသကြီးရှိ ကျန်းမာရေး၀န်ထမ်းပေါင်း ၁၅၆၈၉ ဦးအား ယနေ့မှစ၍ သတ်မှတ်ထားသော လူဦးရေ အတိုင်း ထိုးနှံပေးသွားမည် ဖြစ်ကြောင်း၊ ရောက်ရှိလာသည့် ကာကွယ်ဆေးများအနက် အလုံးရေ ၃၀၀ ကျော်ကို ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ထိုးနှံနိုင်ရန်အတွက် လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

စတင်ဆောင်ရွက်မည်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွင် ရှေ့တန်းမှ တာ၀နျယူဆောင်ရွက်နေသော ကျန်းမာရေး၀န်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ဧနှစ်၀ါရီ ၂၇ ရက်ကစတင်၍ ထိုးနှံပေးပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ဧနှစ်၀ါရီ ၂၉ ရက်တွင် လည်းကောင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များကို ဧနှစ်၀ါရီ ၃၀ ရက်တွင်လည်းကောင်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၅ ရက်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် အစိုးရအဖွဲ့ဝင်များကိုလည်း ပြည်သူနှင့်အတူ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေး

ပုလောမြို့နယ်
ဓာတ်ပုံ-အေးအေးမော်(ပြန်/ဆက်)

တပ်ကုန်းမြို့နယ်
ဓာတ်ပုံ-တင်စိုးလွင်(ပြန်/ဆက်)

ညောင်လေးပင်မြို့နယ်
ဓာတ်ပုံ-သက်လွင်(ညောင်လေးပင်)

ထားဝယ်မြို့နယ်
ဓာတ်ပုံ-ကျော်ကျော်လတ်(ပြန်/ဆက်)

ကလေးမြို့နယ်
ဓာတ်ပုံ-သျှင်နေမင်း(ဂန့်ဂေါ)

တီးတိန်မြို့နယ်
ဓာတ်ပုံ-ပေါင်ကျင့်မုန်(ပြန်/ဆက်)

မောင်တောမြို့နယ်
ဓာတ်ပုံ-သက်လွင်စိုး(ပြန်/ဆက်)

ညောင်တုန်းမြို့နယ်
ဓာတ်ပုံ-ထွန်းကျော်(ညောင်တုန်း)

ဘုတလင်မြို့နယ်
ဓာတ်ပုံ-ဖိုးခါး(ပြန်/ဆက်)

လွိုင်ကော်မြို့နယ်
ဓာတ်ပုံ-စိုးလှိုင်ဌေး(ပြန်/ဆက်)

ထန်းတပင်မြို့နယ်
ဓာတ်ပုံ-ဇင်မင်းထိုက်(ထန်းတပင်)

ရေးမြို့နယ်
ဓာတ်ပုံ-မြို့နယ် (ပြန်/ဆက်)

ကျိုင်းတုံမြို့နယ်
ဓာတ်ပုံ-အောင်ဇင်မြင့်(ပြန်/ဆက်)

မြိတ်မြို့နယ်
ဓာတ်ပုံ-ခိုင်ထူး(ပြန်/ဆက်)

နေပြည်တော်ရှိ ကျန်းမာရေးဝန်ထမ်းများ ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံ

ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး



ဒုတိယညွှန်ကြားရေးမှူးချုပ်
ဒေါက်တာမြတ်ဝဏ္ဏစိုး

အထက်တန်းသူနာပြု
ဒေါ်အေးမူမူ

အထက်တန်းသူနာပြု
ဒေါ်မြင့်မြင့်ဌေး

ဆေးရုံအုပ်ကြီး
ဒေါက်တာသီတာစိုး

နေပြည်တော် ဇန်နဝါရီ ၂၇
နေပြည်တော်ရှိ ကျန်းမာရေးဝန်ထမ်း စုစုပေါင်း ၃၈၀၀ ကျော်အား ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD စတင်ထိုးနှံခြင်းလုပ်ငန်းစဉ်ကို ယနေ့နံနက်ပိုင်းတွင် စတင်ဆောင်ရွက်သည်။

နည်းပါးသွားမှာဖြစ်

သားဖွားသင်တန်းကျောင်း (နေပြည်တော်)တွင် COVISHIELD ကာကွယ်ဆေးထိုးနှံခဲ့သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "ကာကွယ်ဆေးထိုးပြီးတိုင်း ရာနှုန်းပြည့် ကာကွယ်တာမဟုတ်ပါဘူး။ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီး သော်လည်း ပြည်သူတွေအနေနဲ့ ဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ဆောင်ရန်၊ ရှောင်ရန်ကိစ္စတွေ၊ အထူးသဖြင့် Mask တပ်ခြင်း၊ လူတစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာနေခြင်းတွေကို ဆက်လက်ပြီး ပိုမိုလုပ်ဆောင်စေလိုပါတယ်။ ကာကွယ်ဆေးလည်းထိုးထားတယ်။ ဆောင်ရန်၊ ရှောင်ရန်ကိစ္စတွေကိုလည်း လိုက်နာဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ ကိုဗစ်ရောဂါ မရှိသလောက် နည်းပါးသွားမှာဖြစ်ပါတယ် " ဟု ပြောသည်။

COVISHIELD ကာကွယ်ဆေး စတင်ထိုးနှံခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက "နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာရှိတဲ့ မြို့နယ်ဆေးရုံ ရှစ်ရုံ၊ အထွေထွေရောဂါကုဆေးရုံကြီး နှစ်ရုံ၊ အထူးကုဆေးရုံ လေးရုံက ကျန်းမာရေးဝန်ထမ်းစုစုပေါင်း ၃၈၀၀ ကျော်ကို ဒီနေ့မနက်ပိုင်းက စတင်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD ကို ထိုးနှံပေးလျက်ရှိပါတယ်။

ဆေးထိုးတဲ့အခါမှာ တတ်နိုင်သလောက် အန္တရာယ်မဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ ကာကွယ်ဆေးထိုးဖို့ ရောက်လာတဲ့သူတိုင်းကို ကိုယ်အပူချိန်၊ သွေးပေါင်ချိန်၊ သွေးထဲမှာရှိတဲ့ အောက်ဆီဂျင်ပါဝင်မှု ပမာဏတွေကို စစ်ဆေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးပေးပါတယ်။ အခုလာရောက် ဆေးထိုးတဲ့သူတွေကလည်း ကျန်းမာရေးဝန်ထမ်းတွေဖြစ်တော့ ကျန်းမာရေးအသိပညာ မြင့်ပြီးသားဖြစ်တဲ့အတွက် ဆေးထိုးနှံမှုလုပ်ငန်းစဉ်တွေက ချောချောမွေ့မွေ့ဖြစ်သွားမယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

ကာကွယ်ဆေးလာရောက်ထိုးနှံသူများကို ကာကွယ်ဆေးထိုးနှံပြီးနောက် အန္တရာယ်တစ်စုံတစ်ရာ ရှိ၊ မရှိ သိရှိနိုင်ရန် နာရီဝက်စောင့်ကြည့်ပြီးမှသာ ပြန်လည်ထွက်ခွာခွင့်ပြုကြောင်းနှင့် ဆေးထိုးပြီး ၂၄ နာရီအတွင်း တစ်စုံတစ်ရာထူးခြားမှုရှိပါက ချက်ချင်းသတင်းပေးပို့အကြောင်းကြားနိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။

"ကျန်းမာရေးဝန်ထမ်းဦးရေနည်းတဲ့ မြို့နယ်ဆေးရုံတွေကတော့ ဒီနေ့တစ်ရက်တည်းနဲ့ ထိုးနှံမှုလုပ်ငန်းစဉ်ပြီးမှာဖြစ်ပါတယ်။ လူဦးရေများတဲ့ ဆေးရုံကြီးတွေကတော့ နှစ်ရက်၊ သုံးရက်အထိ ထိုးနှံပေးရမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေကို ထိုးနှံပြီးရင်တော့ ဒုတိယအသုတ်အနေနဲ့ လွတ်တော်ကိုယ်စားလှယ်တွေ၊ လွတ်တော်သုံးရပ်ကဝန်ထမ်းတွေကို ကာကွယ်ဆေးထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။ နောက်လတွေမှာလည်း ဝန်ကြီးဌာနက ချမှတ်ပေးတဲ့ စာရင်းဇယားတွေအတိုင်း ကာကွယ်ဆေးထိုးနှံမှုတွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆေးကတော့ အဆင့်ဆင့်ရောက်ရှိလာမှာ ဖြစ်ပါတယ်။ နောက်ထပ် ထိုးနှံပေးရမယ့်အုပ်စုတွေကိုလည်း ဗဟိုကော်မတီက ချမှတ်ပေးတဲ့အတိုင်း ထိုးနှံပေးသွားမှာဖြစ်ပါတယ်။ ဒီလို အစဉ်လိုက် ထိုးနှံပေးသွားမှာဖြစ်တဲ့အတွက် ပြည်သူတွေဆီကိုလည်း ရောက်ရှိလာမှာဖြစ်ပါတယ်" ဟု ဒေါက်တာမြတ်ဝဏ္ဏစိုးက ပြောသည်။

နေပြည်တော် ခုတင်-၃၀၀ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းတစ်ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးစဉ်။

နေပြည်တော်၌ COVISHIELD ကာကွယ်ဆေး ပထမဆုံးထိုးနှံခဲ့သည့် နေပြည်တော် ခုတင်-၃၀၀၀ ပြည်သူ့ဆေးရုံကြီးမှ အထက်တန်းသူနာပြု ဒေါ်အေးမူမူက "ကျွန်မက ပထမဆုံးကာကွယ်ဆေးထိုးရတဲ့သူဆိုတော့ နည်းနည်းတော့ စိတ်လှုပ်ရှားပါတယ်။ ဒါပေမယ့် တခြားကာကွယ်ဆေးတွေ ထိုးဖူးတဲ့အတွေ့အကြုံရှိထားတော့ စိုးရိမ်မှု အများကြီးတော့ မရှိပါဘူး။ ဆေးထိုးရမယ်ဆိုတော့ ပထမဆုံး နာမည်စာရင်းသွင်းရတယ်။ ပြီးတော့ Screen Area မှာ လိုအပ်တဲ့ စစ်ဆေးမှုတွေလုပ်ပေးတယ်။ အဲဒါတွေပြီးမှ ကာကွယ်ဆေးထိုးရတယ်။ ကာကွယ်ဆေးထိုးပြီး ဆေးထိုးတဲ့ခန်းမထဲမှာပဲ ထူးခြားတဲ့လက္ခဏာ ရှိ၊ မရှိ သိရဖို့ နာရီဝက် ထိုင်စောင့်ရပါတယ်။ ကာကွယ်ဆေးမထိုးခင်ကတော့ ကာကွယ်ဆေးထိုးနှံမှုနဲ့ပတ်သက်တဲ့ အချက်အလက်တွေ ကိုလည်း လေ့လာထားတယ်။ ဘေးထွက်ဆိုးကျိုးတစ်ခုခု ရှိမှာကို စိုးရိမ်ခဲ့တယ်။ ဆေးထိုးပြီး ဘာမှထူးခြားတဲ့ လက္ခဏာမျိုးမရှိတော့ စိတ်အေးရပါတယ်။ စိတ်ချရတဲ့ အခြေအနေမှာလည်း ရှိပါတယ်။ ဒါကြောင့် ပြည်သူလူထု အနေနဲ့ ကာကွယ်ဆေးနဲ့ပတ်သက်ပြီး အများကြီးစိုးရိမ်မှု မဖြစ်ကြဖို့နဲ့ ကာကွယ်ဆေးကိုလည်း ထိုးနှံခွင့်ရရှိတဲ့အခါမှာလည်း ထိုးကြပါလို့ တိုက်တွန်းလိုပါတယ်။ ကာကွယ်ဆေးထိုးပြီး ဆောင်ရန်၊ ရှောင်ရန်ကိစ္စကတော့ ထွေထွေထူးထူး မရှိပါဘူး " ဟု ပြောသည်။

ထို့အတူ ကိုဗစ်ကာကွယ်ဆေးထိုးနှံခဲ့သည့် နေပြည်တော် ခုတင်-၃၀၀၀ ပြည်သူ့ဆေးရုံကြီးမှ အထက်တန်းသူနာပြု ဒေါ်မြင့်မြင့်ဌေးက " ကျွန်မက အခုလက်ရှိမှာ ကိုဗစ် -၁၉ ရောဂါဖြစ်နေတဲ့ လူနာတွေထားတဲ့အဆောင်မှာ တာဝန်ထမ်းဆောင်နေရပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေကို ကာကွယ်ဆေးထိုးပေးမယ်ဆိုပြီး မနေ့က စာရင်းသွင်းရပါတယ်။ ဒီနေ့မနက် ၇ နာရီခွဲကစပြီး ဆေးထိုးမယ့် နေရာမှာ စနစ်တကျ တန်းစီစောင့်ဆိုင်းရပါတယ်။ ကာကွယ်ဆေးထိုးမယ့်သူတွေ ဖြည့်စွက်ရမယ့်အချက်အလက်တွေကို ဖြည့်စွက်ရတယ်။ ပြီးရင် သွေးပေါင်ချိန်ရတယ်။ သွေးပေါင်ပုံမှန်ရှိမှ ကာကွယ်ဆေးထိုးပေးပါတယ်။ ဆေးထိုးပြီး နာရီဝက်စောင့်ကြည့်ရတယ်။ နာရီဝက်စောင့်ကြည့်ပြီး ထူးခြားမှုတစ်စုံတစ်ရာမရှိမှ ပြန်ထွက်ခွင့်ပြုပါတယ်။

ကိုဗစ်ကာကွယ်ဆေးနဲ့ပတ်သက်ပြီးတော့ သတင်းတွေအများကြီး ပျံ့နှံ့နေတာရှိပါတယ်။ ကာကွယ်ဆေးထိုးရင် ဘာဖြစ်မယ်၊ ကာကွယ်ဆေးမထိုးရင် ဘာဖြစ်မယ် ဆိုတာမျိုးတွေ အများကြီးပျံ့နှံ့နေပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေထဲမှာ ကာကွယ်ဆေး စထိုးရတဲ့သူဖြစ်တော့ စိုးရိမ်စိတ်ရှိတာပေါ့။ ထိုးပြီးတဲ့အချိန်မှာတော့ အရင် ကာကွယ်ဆေးထိုးတဲ့ အတွေ့အကြုံတွေအတိုင်းပါပဲ။ ဘာမှ ထူးထူးခြားခြားမရှိပါဘူး။ ကျွန်မ ကာကွယ်ဆေးထိုးပြီးတာ တစ်နာရီကျော်ပါပြီ။ ဘာမှ ထူးထူးခြားခြားခံစားရတာ မရှိဘဲ အားလုံးပုံမှန်အတိုင်းပါပဲ။ ဒါကြောင့် ဒီကိုဗစ် ကာကွယ်ဆေးက ထိုးသင့်ပါတယ်။ ပြည်သူတွေလည်း နောက်ထပ်ကာကွယ်ဆေးတွေ ရလာတဲ့အခါမှာ ထိုးကြပါ။ ဘာမှစိုးရိမ်ကြောက်လန့်စရာမရှိပါဘူး" ဟု ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံသည့် နေရာများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကာကွယ်ဆေးထိုးနှံမည့်ပြည်သူလူထု သိရှိထားရမည့် အချက်များကို ကာကွယ်ဆေးလာရောက်ထိုးနှံသူများ မြင်သာသည့်နေရာများတွင် ချိတ်ဆွဲကြေညာထားသည်ကို တွေ့ရှိရသည်။

ဆေးထိုးတာ အောင်မြင်

နေပြည်တော် ခုတင်-၃၀၀ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုနှင့်စပ်လျဉ်း၍ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုးက " ဒီနေ့ ကာကွယ်ဆေးထိုးတဲ့ကျန်းမာရေးဝန်ထမ်းတွေထဲမှာ ဒီဆေးရုံက ၃၂၈ ဦးနဲ့ တိုင်းရင်းဆေးက ၂၄၀ ကျော် စုစုပေါင်း လူဦးရေ ၅၀၀ ကျော်ထိုးဖို့ လျာထားပါတယ်။ ကာကွယ်ဆေးလာထိုးတဲ့ဝန်ထမ်းတွေကို ဆေးမထိုးခင်မှာ သွေးပေါင်ချိန်တယ်။ သွေးအတွင်း အောက်ဆီဂျင်ပမာဏ တိုင်းတယ်။ ကိုယ်အပူချိန်တိုင်းပါတယ်။ အဲဒီလိုတိုင်းတဲ့ အခါမှာ သွေးတိုးရှိတာတွေကို တွေ့ရပါတယ်။ ဒါကြောင့် ၁၅ မိနစ်နားခိုင်းပြီး ပြန်တိုင်းပါတယ်။ ညွှန်ကြားချက်ထဲမှာလည်း သွေးပေါင်ချိန် ၁၄၀၊ ၉၀ ဆိုရင် ပြန်စစ်ပြီး ထိုးဖို့ပါပါတယ်။ ကာကွယ်ဆေးထိုးပေးတဲ့အချိန်မှာ အခက်အခဲတော့ မရှိပါဘူး။ တချို့မူးတာလောက်ပဲ ရှိပါတယ်။ ဆေးထိုးတာ အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။ ဒီဆေးရုံမှာ ရှိတဲ့ ဝန်ထမ်းတွေလည်း အားလုံးနီးပါးထိုးကြပါတယ်။ အားလုံးကလည်း ထိုးချင်နေကြတာပါ။ ဘာလို့လဲဆိုတော့ ဒီဆေးရုံက ကိုဗစ်-၁၉ Positive လူနာတွေ လက်ခံတဲ့ ဆေးရုံဖြစ်လို့ပါ။ ဒီကဝန်ထမ်းတွေက Positive လူနာတွေနဲ့ အနီးကပ်ထိတွေ့နေရတာပါ။ ဒါကြောင့် ကာကွယ်ဆေးကို တခြားဆေးရုံတွေထက် ပိုပြီးမျှော်လင့်ကြတာပါ။ ဒီဆေးရုံက ဝန်ထမ်းတွေအနေနဲ့ ကိုဗစ်-၁၉ Positive လူနာတွေနဲ့ ထိတွေ့နေရပေမယ့် Positive ဖြစ်သွားတာ တစ်ယောက်မှ မရှိပါဘူး။ ဒါကြောင့်လည်း ဂုဏ်ယူပါတယ်" ဟုပြောသည်။

ယနေ့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD ပထမအကြိမ်ထိုးနှံခဲ့ကြသူများအနေဖြင့် ပထမအကြိမ်ဆေးထိုးပြီးနောက် ၂၈ ရက်အကြာ ဖေဖော်ဝါရီ ၂၄ ရက်တွင် ဒုတိယအကြိမ် ထပ်မံထိုးနှံကြရမည်ဖြစ်ကြောင်း သိရသည်။

သတင်း - မျိုးသူဟိန်း၊ ဟိန်းမင်းစိုး
ဓာတ်ပုံ - စိုးဝင်းထွန်း

ပုသိမ်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

ပုသိမ် ဇန်နဝါရီ ၂၇
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီး လုပ်ငန်းမှူးကြီးကြပ်ရေးနှင့် လူစွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ရွှေဝါက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးယောမင်းထွန်းက မြစိမ်းရောင်စီမံကိန်းနှင့်ပတ်သက်၍ အကြံပြုစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဌေးနိုင်က မြစိမ်းရောင်စံပြကျေးရွာ ရွေးချယ်ခြင်းဆိုင်ရာ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပုသိမ်မြို့နယ်မှ မြစိမ်းရောင်ကျေးရွာ ယူနစ် ၂၀ တက်ရောက်ကြပြီး ကျန် ၄၆ ယူနစ်မှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။ ဆက်လက်၍ ဆုရကျေးရွာများဖြစ်သည့် ပထမဆုရ အိမ်ချောင်လေးကျေးရွာ၊ ဒုတိယဆုရ ကညင်ကွင်းကျေးရွာ၊ တတိယဆုရ ကလင်ချီကျေးရွာ၊ နှစ်သိမ့်ဆုရ ဝက်သေကျေးရွာနှင့် သဲကုန်းကျေးရွာတို့အား တာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

ကြေးမုံ

အမေရိကန်နိုင်ငံသားအားလုံးကို ထိုးနှံပေးနိုင်မည့် ကိုဗစ်-၁၉ ကာကွယ်ဆေးပမာဏ လုံလောက်စွာ မှာယူထားပြီးဖြစ်သည်ဟု သမ္မတ ဘိုင်ဒင် ပြောကြား

ဝါရှင်တန် ဧနှစ်ဝါရီ ၂၇

အမေရိကန်အစိုးရအနေဖြင့် နောက်ထပ် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ သန်း ၂၀၀ ကို ထပ်မံဝယ်ယူထားပြီးဖြစ်သောကြောင့် အမေရိကန်နိုင်ငံက ဝယ်ယူထားသည့် စုစုပေါင်း ဆေးပမာဏမှာ သန်း ၆၀၀ ရှိပြီဖြစ်ရာ ယင်းပမာဏသည် နိုင်ငံသား သန်း ၃၀၀ ကို အလုံအလောက် ထိုးနှံပေးနိုင်မည့် အရေအတွက်ဖြစ်ကြောင်း သမ္မတ ဘိုင်ဒင်က ယမန်နေ့တွင် ပြောကြားသည်။

ထပ်တိုးဝယ်ယူခဲ့သည့် ဆေးပမာဏ သန်း ၂၀၀ တွင် Pfizer ဆေးအရေအတွက် သန်း ၁၀၀ နှင့် Moderna ဆေး သန်း ၁၀၀ ဖြစ်ပြီး အဆိုပါဆေးနှစ်မျိုးကို အမေရိကန်အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ (FDA)က ဒီဇင်ဘာလအတွင်း အတည်ပြုထားခဲ့ပြီးဖြစ်သည်။ သို့ရာတွင် အဆိုပါထပ်တိုးမှာယူထားသည့် ဆေးများမှာ လက်ဝယ်သို့မရောက်ရှိသေးဘဲ ကြိုတင်အမှာတင်ထားခြင်းသာဖြစ်သည်ဟု သမ္မတဘိုင်ဒင်က ပြောကြားသည်။

ဘိုင်ဒင်က ၎င်း၏အစိုးရ ပထမ ရက် ၁၀၀ သက်တမ်းအတွင်း အမေရိကန်နိုင်ငံသား သန်း ၁၀၀ ကို ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်နေစေရမည်ဖြစ်ကြောင်း ကတိပြုထားခဲ့သလို ဘိုင်ဒင်စတင်တာဝန်ယူခဲ့သည့် ဧနှစ်ဝါရီ ၂၀ ရက်မှ သီတင်းတစ်ပတ်အတွင်း ကာကွယ်ဆေးထိုးနှံပေးနိုင်သည့်လူဦးရေ များစွာတိုးတက်လာခဲ့ကြောင်း သိရသည်။ ရက်သတ္တပတ်လျှင် အနည်းဆုံး လူဦးရေ ၈ သမ ၆ သန်းမှ အများဆုံး ၁၀ သန်းအထိ ကာကွယ်ဆေးထိုးနှံပေးရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

လာမည့်နွေရာသီ (သို့မဟုတ်) ဆောင်းဦးရာသီအရောက်တွင် အမေရိကန်နိုင်ငံသားအားလုံးကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်နေစေရန် ရည်မှန်းဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း သိရသည်။ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်ကို တိုးမြှင့်ထားသော်လည်း နောက်ထပ်တစ်လကျော်အကြာ ဖေဖော်ဝါရီလကုန်၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် ငါးသိန်းအထိ ရှိလာနိုင်ကြောင်း ဘိုင်ဒင်က ခန့်မှန်းထားသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-မေလဲ့သင်း

အင်ဒိုနီးရှားသမ္မတ ဝီဒိုဒို ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူ

ဂျကာတာ ဧနှစ်ဝါရီ ၂၇

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် ယနေ့ ဂျကာတာမြို့တော်ရှိ သမ္မတနန်းတော်၌ တရုတ်ဆေးဝါးကုမ္ပဏီ Sinovac မှ ထုတ်လုပ်သည့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံမှုခံယူခဲ့သည်။

ဒုတိယမြောက် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အင်ဒိုနီးရှားတပ်မတော်အကြီးအကဲ ဟာဒီတီဂျန်တို၊ ကျန်းမာရေးဝန်ကြီး ဘူဒီဂုနာဒီဆာဒီကင်နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာန ဥက္ကဋ္ဌ ပန်နီကူဆူမတ်တူတီလူကီတိုတို့အား ထိုးနှံပေးခဲ့သည်။ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီး နှစ်ပတ်အကြာတွင် အင်ဒိုနီးရှားနိုင်ငံက ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ပြန်လည်ဆောင်ရွက်ခဲ့ကြောင်း၊ ကျန်းမာရေးညွှန်ကြားချက်များလိုက်နာပြီး လူစုဝေးမှုရှောင်ရှားရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တစ်ခုအတွင်း ဝီဒိုဒိုက ပြောသည်။

အင်ဒိုနီးရှားသမ္မတ ဝီဒိုဒိုသည် ဧနှစ်ဝါရီ ၁၃ ရက်က ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများအတွက် ကာကွယ်ဆေးထိုးနှံမှုကို ဧနှစ်ဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံက ယခုနှစ်အတွင်း ပြည်သူ ၁၈၁ ဒသမ ၅ သန်းကို ကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်သည်။

အင်ဒိုနီးရှားနိုင်ငံ၌ လက်ရှိအချိန်ထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ၁ ဒသမ ၁ သန်းကျော်နှင့် သေဆုံးသူ ၂၈၄၆၈ ဦးရှိကြောင်း သိရသည်။

ကိုးကား-အနာဒိုလူ၊ ဘာသာပြန်-ကျော်ထိုက်စိုး

တရုတ်နိုင်ငံက သီရိလင်္ကာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ သုံးသိန်းလျှောဒါန်းမည်

ကိုလံဘို ဧနှစ်ဝါရီ ၂၇

တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ သုံးသိန်းလျှောဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သီရိလင်္ကာအစိုးရက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့်စပ်လျဉ်း၍ မကြာသေးမီက တောင်းဆိုမှုများ ပြုလုပ်ခဲ့ပြီးနောက် တရုတ်နိုင်ငံက သီရိလင်္ကာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများလျှောဒါန်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဧနှစ်ဝါရီ ၂၇ ရက်တွင် ကိုလံဘိုမြို့ရှိ တရုတ်သံရုံးက ထုတ်ပြန်ခဲ့သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဖေဖော်ဝါရီလလယ်တွင် သီရိလင်္ကာနိုင်ငံသို့ လွှဲပြောင်းပေးရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။ တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ဘေးကင်းလုံခြုံမှုရှိပြီး ပုံမှန်ရေခဲသေတ္တာ အအေးဓာတ်မှာပင် လွယ်ကူစွာ သိုလှောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

အီးယူနိုင်ငံများသို့ ကာကွယ်ဆေးဖြန့်ချိမှု နှောင့်နှေးခြင်းအပေါ် AstraZeneca ကုမ္ပဏီ ကာကွယ်ပြောကြား

မီလန် ဧနှစ်ဝါရီ ၂၇

AstraZeneca ကုမ္ပဏီအနေဖြင့် အီးယူနိုင်ငံများသို့ ကာကွယ်ဆေးဖြန့်ဖြူးပေးမှုတွင် နှောင့်နှေးမှုများဖြစ်ပေါ်ခဲ့ခြင်းသည် စာချုပ်ချုပ်ဆိုချိန်နှင့် ကာကွယ်ဆေးဖြန့်ချိချိန်ကာလတို့အကြား အချိန်ကွာဟမှုနည်းပါးခြင်းကြောင့် ဖြစ်သည်ဟု ကုမ္ပဏီအကြီးအကဲ ပက်စ်ကယ်ဆိုရီယော့ထ်က ကာကွယ်ပြောကြားသည်။

အီတလီသတင်းစာ La Repubblica နှင့် တွေ့ဆုံမှုတွင် ဆိုရီယော့ထ်က အီးယူဘက်က စာချုပ်ချုပ်ဆိုခဲ့သည့် အချိန်သည် ၎င်းတို့အလိုရှိခဲ့သည့် အချိန်ထက် နှစ်လနောက်ကျနေခဲ့ကြောင်းနှင့် ဖြတ်နှိုင်းစာချုပ် ချုပ်ဆိုထားသည့် အချိန်သည် အီးယူနှင့်စာချုပ်ထက် သုံးလခန့်စောခဲ့ခြင်းကြောင့် ဖြတ်နိုင်ငံအတွက် ကာကွယ်ဆေးထောက်ပံ့ပေးမှုတွင် ပြင်ဆင်ချိန်ပိုမိုရရှိခဲ့ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

AstraZeneca ကုမ္ပဏီ၏ နယ်သာလန်နှင့် ဘယ်လ်ဂျီယံ စက်ရုံနှစ်ခုစလုံးတွင် ထုတ်လုပ်ရေးပိုင်း၌ ပြဿနာအချို့ ရှိနေခဲ့သောကြောင့် ထုတ်လုပ်မှုပမာဏ ကျဆင်းကာ အီးယူနိုင်ငံများသို့ ကာကွယ်ဆေးထောက်ပံ့နိုင်သည့် ပမာဏ လျော့ကျခဲ့ခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် သြဂုတ်လတွင် အီးယူနှင့် AstraZeneca ဆေးကုမ္ပဏီတို့သည် ဆေးအလုံးရေ သန်း ၃၀၀ ဝယ်ယူရန်နှင့် လိုအပ်ပါက နောက်ထပ် သန်း ၁၀၀ ထပ်မံဝယ်ယူမည်ဟု စာချုပ်ချုပ်ဆိုခဲ့သည်။

ဆိုရီယော့ထ်က ကာကွယ်ဆေးထုတ်လုပ်ရေးတွင် ဖြစ်ပေါ်နေသည့် ပြဿနာများကို ဖြေရှင်းရန်အတွက် ကုမ္ပဏီဘက်မှ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသော်လည်း သန်းနှင့်ချီသည့် ဆေးပမာဏကို ထောက်ပံ့ပေးနိုင်ရေးအတွက်မူ အခက်အခဲရှိခဲ့ကြောင်း ပြောသည်။

"ဖြတ်နိုင်ကာကွယ်ဆေးထောက်ပံ့မှုမှာလည်း ပြဿနာတွေရှိခဲ့တာပါပဲ။ ဒါပေမယ့် ဖြတ်နိုင်စာချုပ်က အီးယူစာချုပ်ထက် သုံးလစောပြီး ချုပ်ဆိုနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဖြတ်နိုင်နဲ့ကိုစ္စရပ်မှာတော့ ပြန်လည်ပြင်ဆင်ဖို့ သုံးလအချိန် ပိုရခဲ့ပါတယ်"ဟု ပက်စ်ကယ်ဆိုရီယော့ထ်က ပြောသည်။

AstraZeneca ဆေးကို ဖြတ်နိုင်ကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းစဉ်တွင် အသုံးပြုပြီးဖြစ်သော်လည်း အီးယူတွင် ယခုရက်သတ္တပတ်အတွင်းမှသာ အတည်ပြုမည်ဖြစ်သည်။ သို့ရာတွင် AstraZeneca ဆေးများကို အီးယူနိုင်ငံများသို့ ဖြန့်ချိမှုများဆောင်ရွက်နေခဲ့ပြီး ထုတ်လုပ်ရေးတွင် ပြဿနာအချို့ရှိခဲ့ခြင်းကြောင့် ကာကွယ်ဆေးပေးပို့နိုင်မှုပမာဏ လျော့ကျခဲ့ရသည်။

ယင်းအတွက် အီးယူဘက်က အဆိုပါကိစ္စရပ်ကို ဥပဒေကြောင်းအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။ ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယမ်က "ဥရောပအနေနဲ့ ကမ္ဘာ့ပထမဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်မှုအတွက် ဘီလီယံနဲ့ချီပြီး ရင်းနှီးမြှုပ်နှံမှုပြုထားပေးရတာပါ။ ဒါကြောင့် ကုမ္ပဏီဘက်ကနေ ဆေးဝါးဖြန့်ချိရေး ပြန်လည်လုပ်ဆောင်ပေးရပါမယ်။ သူတို့အနေနဲ့ ဒီအတွက် တာဝန်ယူရပါမယ်"ဟု ပြောကြားသည်။

ကိုးကား- ဘီဘီစီ
ဘာသာပြန်-မေလဲ့သင်း

ဘရာဇီးနိုင်ငံက တောင်အာဖရိကမှ ခရီးသည်များ ဝင်ရောက်ခွင့်ကို တားမြစ်ပိတ်ပင်

ဘရာဆီးလီးယား ဧနှစ်ဝါရီ ၂၇

ဘရာဇီးနိုင်ငံသည် တောင်အာဖရိကနိုင်ငံ၌ တွေ့ရှိရသည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု၏ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် သက်ရောက်မှုများကို ရှောင်ရှားရန်အတွက် တောင်အာဖရိကမှ လာရောက်မည့် ခရီးသည်များအား ဝင်ရောက်ခွင့်တားမြစ်ပိတ်ပင်ခဲ့ကြောင်း ယမန်နေ့တွင် ထုတ်ပြန်သည့် ဘရာဇီးအစိုးရ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့ပြင် အခြားသော ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုရှိခဲ့သည့် ဖြတ်နိုင်နိုင်ငံမှ ခရီးသည်များကိုလည်း ဘရာဇီးနိုင်ငံသို့ လက်ရှိအချိန်အထိ ဝင်ရောက်ခွင့်မပြုသေးသည့်အပြင် လက်ရှိတွင် တောင်အာဖရိကနိုင်ငံကိုလည်း အလားတူ ကန့်သတ်ချက်များချမှတ်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် အခြားသော ခရီးသည်များအနေဖြင့် ဘရာဇီးနိုင်ငံသို့ မရောက်ရှိမီ ၇၂ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါမရှိကြောင်း ထောက်ခံချက်ပြသနိုင်ပါက ဘရာဇီးနိုင်ငံသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်းလည်း သိရသည်။ လက်ရှိတွင် ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၉၃ဖြစ်၅၀ ရှိပြီး ပြန်လည်ကျန်းမာလာသူ ၇၇၉၈ဖြစ်၅၅ ဦးရှိခဲ့ကာ သေဆုံးသူ ၂၁၈၉၁၈ ဦးရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ဒီဇင်ဘာလနောက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူနှင့် သေဆုံးသူ အရေအတွက် မြင့်တက်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အစုလိုက်အပြုံလိုက်ထိုးနှံမှုကို ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက စတင်ခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ	၁၀၀၉၃၂၈၃၃	ဦး
သေဆုံးသူ	၂၁၆၉၇၁၂	ဦး
ပြန်လည်ကျန်းမာလာသူ	၇၂၉၇၄၇၀၉	ဦး

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၂၆၀၁၂၂၂	၁၅၇၆၇၄၁၃	၄၃၅၄၅၂
၂။	အိန္ဒိယ	၁၀၆၉၀၂၇၉	၁၀၃၅၉၃၀၅	၁၅၃၇၅၁
၃။	ဘရာဇီး	၈၉၃၆၅၉၀	၇၇၉၈၆၅၅	၂၁၈၉၁၈
၄။	ရုရှား	၃၇၇၄၆၇	၃၂၀၂၄၈၃	၇၁၀၇၆
၅။	ဗြိတိန်	၃၆၈၉၇၄၆	၁၆၆၂၄၈၄	၁၀၀၁၆၂
၆။	ပြင်သစ်	၃၀၇၉၉၄၃	၂၁၉၁၅၂	၇၄၁၀၆
၇။	စပိန်	၂၇၃၇၂၂	စ်စစ်ဆဲ	၅၆၇၉၉
၈။	အီတလီ	၂၄၅၅၉၅၆	၁၉၁၇၁၁၇	၈၆၄၂
၉။	တူရကီ	၂၄၄၂၃၀	၂၃၂၂၅၁	၂၅၃၄
၁၀။	ဂျာမနီ	၂၁၆၄၈၀၅	၁၈၆၆၀၀၀	၅၄၄၉၆

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အင်ဒိုနီးရှား	၁၀၂၄၂၉၈	၈၃၃၃၀	၂၈၈၅၅
၂။	ဖိလစ်ပိုင်	၅၁၈၄၀၇	၄၇၅၅၄၂	၁၀၄၈၁
၃။	မလေးရှား	၁၉၄၁၁၄	၁၅၁၀၁၈	၇၀၇
၄။	မြန်မာ	၁၃၈၈၀၂	၁၂၃၁၇၀	၃၀၈၉
၅။	စင်ကာပူ	၅၉၃၉၁	၅၉၀၈၆	၂၉
၆။	ထိုင်း	၁၅၄၆၅	၁၁၀၅၄	၇၆
၇။	ဗီယက်နမ်	၁၅၅၁	၁၄၃၀	၃၅
၈။	ကမ္ဘောဒီးယား	၄၆၀	၄၁၂	၀
၉။	ဘရူနိုင်း	၁၇၆	၁၆၉	၃
၁၀။	လာအို	၄၄	၄၁	၀

မြန်မာနိုင်ငံတွင် ပထမဆုံး နိုင်ငံခြားဘဏ် လက်အောက်ခံဘဏ်အဖြစ် KB Bank Myanmar ဖွင့်လှစ်

ရန်ကုန် ဧပြီလ ၂၇

မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်ခွင့်ရသည့် နိုင်ငံခြားဘဏ် လက်အောက်ခံဘဏ်အဖြစ် KB Bank Myanmar ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Lotte Hotel ၌ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာ၊ Korea Association in Myanmar မှ ဥက္ကဋ္ဌ မစ္စတာ အီဗြောင်းစု ၊ KOCHAM ဥက္ကဋ္ဌ မစ္စတာ ဘတ်ဂျောင်ဟွန်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါဘဏ်သည် ကိုရီးယားသမ္မတနိုင်ငံမှ KB Kookmin Bank က KB Bank Myanmar Ltd. အမည်ဖြင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်လှစ်သည့် နိုင်ငံခြားဘဏ် လက်အောက်ခံဘဏ်အဖြစ် ဘဏ်လုပ်ငန်းလိုင်စင်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

ယခုအခါ အဆိုပါဘဏ်ကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၉)ရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်းအမှတ် (၁၀၄)တွင် ဖွင့်လှစ်ကာ လက်လီဘဏ်လုပ်ငန်းအပါအဝင် ဘဏ်လုပ်ငန်းများကို ပြည်တွင်းဘဏ်များနည်းတူ ဆောင်ရွက်နိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍတွင် ဘဏ်လုပ်ငန်းဆိုင်ရာ နည်းပညာသစ်များနှင့်အတူ ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

လုပ်ဆောင်သွားနိုင်မှာဖြစ်

KB Bank Myanmar မှ CEO ဖြစ်သူ Mr. Kim Chang Woo က "ဒီဘဏ်ဟာဆိုရင် မြန်မာနိုင်ငံမှာရှိတဲ့ ပြည်တွင်းဘဏ်တွေလိုပဲ လုပ်ဆောင်ခွင့်တွေ၊ ဘဏ်လုပ်ငန်းစနစ်တွေ အကုန်လုံးလုပ်ဆောင်ခွင့်ရတဲ့ ဘဏ်တစ်ခုဖြစ်ပါတယ်။ ဧပြီလ ၁၁ ရက်ကစတင်ပြီး ဘဏ်အကောင့်တွေဖွင့်လို့ ရခဲ့ပါပြီ။ နောက်အပတ်တွေကစတင်ပြီး Mobile Banking နဲ့ ပတ်သက်တဲ့ လုပ်ဆောင်ချက်တွေ၊ နိုင်ငံခြားကိုငွေလွှဲလို့ ရမယ့် ကိစ္စမျိုးတွေကို ဆက်လက်ပြီး လုပ်ဆောင်သွားနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

KB Bank Myanmar Ltd. အနေဖြင့် ဘဏ်ခွဲပေါင်း ၁၀ ခုအထိဖွင့်လှစ်သွားမည်ဖြစ်ရာ ငါးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးမှ ဘဏ်ငါးခုအထိ ဖွင့်လှစ်သွားရန် စီစဉ်ထားပြီး ကျန်ဘဏ်ငါးခုအား အခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ – ဇော်ကြီး

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို သောကြာနေ့ညတွင် ဆက်လက်ဖျော်ဖြေမည်

ရန်ကုန် ဧပြီလ ၂၇

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံ(ရေဒီယို)တွင် ထင်ရှားကျော်ကြားခဲ့သော တေးသီချင်းများအနက်မှ (၇၅)ပုဒ်ကိုရွေးချယ်ပြီး အပတ်စဉ် သောကြာနေ့တိုင်း MRTV ၏ည ၈ နာရီသတင်းအပြီး၌ ထုတ်လွှင့်လျက်ရှိရာ ဧပြီလ ၂၉ ရက်ညတွင် ပွဲစဉ်(၈)ကို ဆက်လက်ဖျော်ဖြေမည်ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် THE TREES တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် ဇော်ပိုင်၊ ဖြိုးကြီး၊ Rဇာနည်၊ ဖိုးကာ၊ ရွှေထိုက်၊ အိမ့်ချစ်နှင့် ဖူးဖူးသစ်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ယင်းတင်ဆက်မှုကို ဧပြီလ ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသ မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကိုယ့်ရဲ့ ကျန်းမာရေးကို ဂရုစိုက်ပါ

ကာကွယ်ဆေးရဲ့အာနိသင်ကို အပြည့်အဝရမှာလို့ ကျွန်မပြောတဲ့တစ်ချိန်တည်းမှာပဲ ဒီကာကွယ်ဆေးတွေရဲ့ အာနိသင်နဲ့ ပတ်သက်လို့ သေသေချာချာ အားလုံး ကျွန်မတို့ မသိသေးပါဘူး။ ဒီဟာဟာ တစ်ကမ္ဘာလုံးအတွက် စမ်းသပ်ကာလပဲဖြစ်ပါတယ်။ ကျွန်မတို့ စမ်းသပ်နေတာ။ ဒီကာကွယ်ဆေးကို စမ်းသပ်နေတာ။ ဘယ်လောက်ထိ ထိရောက်မလဲ၊ ဘယ်လောက်ကြာကြာ ထိရောက်မလဲ၊ ဒါတွေဟာ အခုထက်ထိ သေသေချာချာတော့ မပြောနိုင်သေးပါဘူး။ ဒါကြောင့်မို့လို့ ကာကွယ်ဆေးထိုးပြီးတဲ့အချိန်မှာလည်း ကိုယ့်ရဲ့ ကျန်းမာရေးကို ဂရုစိုက်ပါ၊ သတိထားပါ၊ မပျေါ်ပါနဲ့။ ကျွန်မတို့ဟာ သတိနဲ့နေဖို့ အလေ့အထလေးတစ်ခုတော့ ဖြစ်အောင်လို့ ကျွန်မတို့ ကြိုးစားသွားရမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့လည်း ကျွန်မတို့ ဒီကြားထဲမှာ ကာကွယ်ဆေးမထိုးရသေးတဲ့သူတွေလည်း အထူးသတိထားဖို့လိုပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၁–၁–၂၀၂၁ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

ဇန်နဝါရီ ၂၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၄၃၄ ဦး တွေ့ရှိ

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၇–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၆–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၆,၅၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၃၄)ဦး တွေ့ရှိရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၇–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲဌာနအမည်	စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	ပိုးတွေ့ လူနာသစ်
အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)	(၁,၆၀၃) ခု	(၄၆) ဦး
ဆေးသုတေသနဦးစီးဌာန (ရန်ကုန်)	(၃၇၂) ခု	(၁၀) ဦး
ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)	(၆၁၅) ခု	(၄၄) ဦး
ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)	(၁၂၈) ခု	(၆) ဦး
ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး)	(၂၉၁) ခု	(၁) ဦး
ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်)	(၂၀၁) ခု	(၁၁) ဦး
ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၃,၂၂) ခု	(၃) ဦး
နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၅၄) ခု	(၁) ဦး
ဆေးတက္ကသိုလ် (၁) (ရန်ကုန်)	(၈၈) ခု	(၁၁) ဦး
ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ	(၃) ခု	-
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ	(၄၅) ခု	(၃) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၈၅၉) ခု	(၆၁) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၁၁,၉၇၅) ခု	(၂,၃၇) ဦး
စုစုပေါင်း	**(၁၆,၅၅၆) ခု**	**(၄၃၄) ဦး**

COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

	၁၈-၁-၂၁	၁၉-၁-၂၁	၂၀-၁-၂၁	၂၁-၁-၂၁	၂၂-၁-၂၁	၂၃-၁-၂၁	၂၄-၁-၂၁	၂၅-၁-၂၁	၂၆-၁-၂၁	၂၇-၁-၂၁
ဓာတ်ခွဲနမူနာ စုစုပေါင်း	၁၈,၈၃၅	၂၀,၆၉၄	၂၀,၄၇၆	၁၉,၁၄၄	၁၇,၆၆၉	၂၀,၃၉၇	၁၈,၇၀၆	၁၇,၉၂၄	၁၉,၆၆၇	၁၆,၅၅၆
ပိုးတွေ့လူနာ	၄၇၅	၄၄၈	၄၇၈	၄၄၅	၄,၂၅	၅၀၇	၄၇၆	၃၈၃	၄,၁၁	၄,၃၄
ပိုးတွေ့ရှိမှု ရာခိုင်နှုန်း	၂.၅	၂.၂	၂.၃	၂.၃	၂.၄	၂.၅	၂.၅	၂.၁	၂.၁	၂.၆

မှတ်ချက်။ COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့် အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၁၈–၁–၂၀၂၁)ရက်နေ့မှ (၂၇–၁–၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာများ၏ ပျမ်းမျှအရေအတွက်မှာ (၁၉,၀၁၀) ခု ဖြစ်ပါသည်။

* ပြည်သူ့လူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်(mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် COVID–19 လူနာ ဖြစ်ပွား၊ သေဆုံးမှု အခြေအနေ
(၂၇–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း)	ယခုအထိ စုစုပေါင်း
စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	(၁၆,၅၅၆) ဦး	(၂,၃၂၃,၀၉၄) ဦး
COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း	(၄၃၄) ဦး	(၁၃၈,၈၀၂) ဦး
ဆေးရုံဆင်းခွင့်ရရှိသူ	(၃၈၉) ဦး	(၁,၂၃,၁၇၀) ဦး
သေဆုံးလူနာ	(၇) ဦး	(၃,၀၈၉) ဦး

- ယနေ့ သေဆုံးသူ (၇) ဦးမှာ ရောဂါအခံရှိသူများဖြစ်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၃၈၉) ဦးတွင် –
  - ဆေးရုံများ – (၂၈၂) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၁၀၇) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၂၈၁)ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်းသိကောင်းစရာ အမေး၊ အဖြေ အစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂၇

